ကြေးမုံ

The Mirror

၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ တနင်္ဂနွေနေ့၊ (28-9-2008)(၅၈၁၅)

**အတ္တသမ္မာ ပဏီဓိစ တေံ မင်္ဂလ မုတ္တမံ**

**မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သော မင်္ဂလာ မည်၏။**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)





# ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## နိုင်ငံတော်တွင် စက်မှုကဏ္ဍပါဝင်မှုအချိုးအစားမြင့်မားရေး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မှာကြား

ရန်ကုန် စက်တင်ဘာ ၂၇

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်တွင် စက်မှုကဏ္ဍပါဝင်မှုအချိုးအစား မြင့်မားရေးတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ပေးသည်။**

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က စက်မှုဇုန်များအတွင်း အဖျက်အမှောင့်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုအန္တရာယ်ကို ကြိုတင်ကာကွယ်ရေး၊ အလုပ်သမားနှင့် အလုပ်ရှင်အကြား အပြန်အလှန် ညှိနှိုင်းဆောင်ရွက်ပေးရေး၊ အသံနှင့်အနံ့ဆိုးစက်ရုံများ ရွှေ့ပြောင်းရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေးဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
| --- | --- | --- |
| ❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | ❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး |
| ❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး | ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး | ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| ❁ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

**ယနေ့ ကြေးမုံ ဆောင်းပါး အညွှန်း**

သက်ကြီးရွယ်အိုများထံ အိမ်တိုင်ရာရောက် သွားရောက်၍ စောင့်ရှောက်မှုပေးခြင်းသည် ဘိုးဘွားရိပ်သာများသို့ မသွားရောက်လိုသော သက်ကြီးရွယ်အိုများ၏ သာယာချမ်းမြေ့မှုအတွက် အိုးမကွာအိမ်မကွာ ပြုစုစောင့်ရှောက်နိုင်သော လုပ်ငန်းတစ်ရပ်ဖြစ်သည်။

**ကြည်ထွန်း(လူမှုဝန်ထမ်း)၏**

**"ဒို့ဘိုးဒို့ဘွား ဒို့သွေးသား၊ စာနာဆပ်ဖွား အလေးထား" (ဆောင်းပါး)**

**စာမျက်နှာ - ၆**

သတင်းအက်ဆေး - ရောမောင်

# အိန္ဒိယအာကာသယာဉ် လကမ္ဘာ လေ့လာမည်

နယူးဒေလီ စက်တင်ဘာ ၂၇

**အိန္ဒိယနိုင်ငံက လကမ္ဘာသို့ ပထမဆုံးစေလွှတ်မည့် အာကာသယာဉ်နှင့်အတူ အိန္ဒိယနှင့် ဗြိတိသျှသိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်ထားသော X-ray ကင်မရာ ပါရှိမည်ဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြထားသည်။**

အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံနည်းတူ အာကာသ စူးစမ်းလေ့လာမှုများကို တိုးတက်ပြုလုပ်လျက်ရှိသည်။ တစ်ချိန်တစ်ခါက **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖




အောက်တိုဘာ လ တွင် လ ကမ္ဘာ သို့ စေလွှတ်မည့် ချန် ဒ ရာ ယန်း - ၁ အမည်ရှိအာကာသယာဉ်၌ တပ်ဆင်ထား သော ကိရိယာများကို တွေ့ရစဉ်။ (အင်တာနက်)

ကြေးမုံ The Mirror
၂၈-၉-၂၀၀၈
(တနင်္ဂနွေနေ့)

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# အသက်ရှည်ကျန်းမာရေးအလေးထား အစားအသောက်များ စနစ်တကျ စားသုံးနေထိုင်

လူတိုင်း လူတိုင်း ကျန်းမာခြင်း၊ ကြံ့ခိုင်ခြင်း၊ အသက်ရှည်ခြင်းတို့ဖြင့် ပြည့်စုံနေရန် လိုအပ်သည်။

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများ အသက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရေး၊ ရောဂါဘယကင်းရှင်းရေးတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိသည်။ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုသမှုလုပ်ငန်းများနည်းတူ ရောဂါကြိုတင်ကာကွယ်ရေးသည်လည်း အထူးအရေးပါသည်။

ကျန်းမာရေးလုပ်ငန်းများသည် ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သည်ဖြစ်ရာ အစားအစာသန့်ရှင်းရေး၊အစားအသောက်များအန္တရာယ်ကင်းစင်ရေး၊ စားသောက်ကုန်များ ကျန်းမာရေးနှင့် ညီညွတ်ပြီး အရည်အသွေးမီ ထုတ်လုပ်ရောင်းချရေးတို့ကိုအလေးထားကြရမည်ဖြစ်သည်။

အချို့သော စားသောက်ကုန် ထုတ်လုပ်သူများသည် စားသုံးသူများ နှစ်သက်မှုရှိစေရန် အစားအသောက်ပစ္စည်းများတွင် ခွင့်မပြုသော အရောင်ဆိုးဆေးများကို အသုံးပြုကြကြောင်း သိရသည်။ အချိုရည်၊ သကြားလုံး၊ ဂျယ်လီ၊ ငါးဖယ်ချဉ်၊ ပုစွန်ချဉ်၊ ငါးပိ၊ ပုစွန်ခြောက်၊ မှျစ်၊ ငရုတ်သီးမှုန့်တို့တွင် အသုံးပြုလေ့ရှိရာ မျက်စိ၊ လည်ချောင်းနှင့် နှာခေါင်းတို့ကို ယားယံစေပြီး အဆိပ်အတောက် ဖြစ်စေနိုင်သည်။

ယခုတစ်ဖန် အချို့နိုင်ငံဈေးကွက်အတွင်းရှိ နို့မှုန့်များထဲတွင် မယ်လမင်းခေါ် ဓာတုပစ္စည်းတစ်မျိုး ပါလာသည့်အတွက် သောက်သုံးမိသူ ကလေးငယ်များ ဆီးနှင့်ပတ်သက်သော ရောဂါဖြစ်ပွားပြီး နာမကျန်းဖြစ်ကြရကြောင်း သိရသည်။ အဆိုပါကိစ္စရပ်သည် နိုင်ငံအနှံ့အပြားနှင့် သက်ဆိုင်နေသည့်အတွက် ကျန်းမာရေးသတိဖြင့် စနစ်တကျ သုံးစွဲစားသောက်ကြရမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများ၏ ကျန်းမာရေးအတွက် ရောဂါကာကွယ်ကုသရေး လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်လျက်ရှိသည့်နည်းတူ ပြည်သူများအပိုင်းကလည်း အစားအစာသန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ပညာပေးနှိုးဆော်ချက်များနှင့်အညီ စနစ်တကျ စားသုံးနေထိုင်သွားကြရမည်ဖြစ်ပါသည်။ ။






## မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှု သင်တန်းဆင်းပွဲကျင်းပ ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်ပေးအပ်

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် လှထွန်း ပြည်တွင်းအခွန်များ ဦးစီးဌာန၊ မြို့နယ် အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှု သင်တန်း အမှတ်စဉ် (၃၅)ဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။**
(ဘဏ္ဍာ/အခွန်)

နေပြည်တော် စက်တင်ဘာ ၂၇

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာနမှူးလုပ်ငန်းကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၃၅)ဆင်းပွဲကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ပထမဆုရ ကော့သောင်းမြို့နယ် ပြည်တွင်း အခွန်များဦးစီးဌာနမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးအောင်ကိုဦး၊ ဒုတိယဆုရ ဝင်ငွေခွန်ဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်မူမူလွင်၊ တတိယဆုရ ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်မော်တို့အား ထူးချွန်ဆုများကိုလည်းကောင်း၊ သင်တန်းဆင်း အောင်လက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။**

အဆိုပါ သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ မြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနမှူး ၅၀ တို့သည် ရက်သတ္တ လေးပတ်ကြာ ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာ မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာ အခွန်လုပ်ထုံးလုပ်နည်းများနှင့် ဗဟုသုတများ၊ အခွန်စီမံခန့်ခွဲမှု ပိုမိုထိရောက်ထက်မြက်စေရန် ရည်ရွယ်သည့် ဆွေးနွေးပွဲများကို လေ့လာသင်ကြားခဲ့ကြကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

## လေဘေးသင့်ဒေသပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၇

**လေဘေးသင့်ဒေသပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက လက်ခံသည်။**

အလှူရှင်များမှာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ငွေကျပ် ၁၉၆၀၀၀ နှင့် လူနေအိမ်သုံးလုံးအတွက် ငွေကျပ် ၁၈ သိန်း၊ Dr. Nanda Wyan Soya Bean Project, Thailand က ငွေကျပ် ၃၁၀၀၀နှင့် အမေရိကန် ဒေါ်လာ ၅၂၀၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေ ၃၀၆၈၆၅၈၂ကျပ်၊ ဒေါ်သီသီနွယ်နှင့် မြေးမောင်သူရိန်ဦး ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းက ဓာတ်မြေသြဇာ တစ်အိတ်အတွက် ငွေကျပ် ၁၈၀၀၀၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က လူနေအိမ် လေးလုံးအတွက် ငွေကျပ် ၂၄ သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်နှင့်အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ကုမ္ပဏီများက လူနေအိမ်အလုံး၁၅၀အတွက် ငွေကျပ်သိန်း ၉၀၀၊ Dagon Timber Ltd., က လူနေအိမ်အလုံး ၂၀ အတွက် ငွေကျပ်သိန်း၁၂၀၊ (၁၉၇၆-၁၉၈၂) ဆေးတက္ကသိုလ်(၁)ကျောင်းသားများက လူနေအိမ် ၁၈ လုံးအတွက် ငွေကျပ် ၁၀၈ သိန်း၊ တောင်တွင်းကြီးမြို့ ပင်မခဲယမ်းမီးကျောက်တပ်မှအရာရှိ၊ အရာခံ အကြပ်တပ်သား စစ်သည်မိသားစုက ငွေကျပ် ၂၆၀၀၀၀၊ City Mart Holding Co., Ltd.,မှ MDနှင့် မိသားစုကို အမှူးထား၍Warehouse, Seasons Bakery နှင့် Production ဌာနတို့က လူနေအိမ် တစ်လုံးအတွက် ငွေကျပ် ခြောက်သိန်းတို့ဖြစ်သည်။ စက်တင်ဘာ၂၀ ရက်မှ ၂၆ရက်အထိ လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေ ၄၂၅၀၀၃၅၈၂ကျပ်နှင့် အမေရိကန် ဒေါ်လာ ၅၂၀ တို့ ဖြစ်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)



## ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များ လှူဒါန်းပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၇**

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခိုင်မာရှင်သန်ဖွံ့ဖြိုးရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ သုတ၊ ရသ စာအုပ်များ လှူဒါန်းသည့် အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် အမှတ်(၂၂-၂၄)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းရုံးခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် တက်ရောက်၍ လှူဒါန်း စာအုပ်များအား လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပန်းတိုင်စာပေမှ ဦးသန်းမောင်၊ ဒေါ်သီသီခင်တို့က ငွေကျပ်၂၇၈၀၀၀၀တန်ဖိုးရှိ စာအုပ် ၃၆၀၀၊ တရားရုံးချုပ်ရှေ့နေဦးကျော် ဇေယျက ငွေကျပ် ၁၂၃၇၀၀၀ တန်ဖိုးရှိ စာအုပ် ၁၃၉၇ အုပ်၊ ပုဇွန်တောင်မြို့နယ်နေ ဒေါက်တာ ထွန်းဝင်းက ငွေကျပ် ၁၂၀၀၀၀၀ တန်ဖိုးရှိစာအုပ် ၂၄၀၀၊ စိတ်ကူးချိုချို စာပေတိုက်မှ ဦးစန်းဦးက ငွေကျပ်၁၀၅၅၈၀၀တန်ဖိုးရှိ စာအုပ် ၂၀၈၇အုပ်၊ကာတွန်းကိုရွှေထူး(ပြည်)က ငွေကျပ်၁၀၅၀၀၀၀ တန်ဖိုးရှိ စာအုပ်၁၅၀၀၊ ကောင်းသန့်စာပေမှ ဆရာကောင်းသန့်က ငွေကျပ် ၉၂၁၉၀၀ တန်ဖိုးရှိ စာအုပ် ၁၂၈၇ အုပ်၊ တာဖာထရေးဒင်းလီမိတက်မှ ဦးကြင်စိန်-ဒေါ်နီနီအေးတို့က ငွေကျပ် ၈၆၅၀၀၀ တန်ဖိုးရှိ စာအုပ် ၈၆၅ အုပ်အပါအဝင် အလှူရှင် ၂၀ တို့က စုစုပေါင်းငွေကျပ်၁၁၀၅၃၀၇၀ တန်ဖိုးရှိ စာအုပ် ၁၇၇၅၉ အုပ်ကို လှူဒါန်းကြသည်။

ထို့နောက် အလှူရှင်များကိုယ်စား စာရေးဆရာ ဆရာကောင်းသန့်က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကိုပြောကြားပြီး ညွှန်ကြားရေးမှူးချုပ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သိရသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၈-၉-၂၀၀၈ (တနင်္ဂနွေနေ့)**

**၁၃၇၀ပြည့်နှစ်၊တော်သလင်းလပြည့်ကျော်(၁၄)ရက်(အဖိတ်နေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ ကြည်ညိုဦးခိုက် ဖူးလိုက်စို့တူပျော် မန်းရွှေစက်တော်
- ၇း၅၀ ၅။ အတီးပြိုင်ပွဲ
- ၈း၀၀ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈း၁၅ ၇။ ၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက် တေးသီချင်းများ) (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသား)
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ အကပဒေသာ
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၄၀ ၄။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၁၂း၀၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ ‘မေမေ့မေတ္တာ ကုဋေကုဋာ’ (အပိုင်း-၈)**
- ၁၂း၄၅ ၆။ **‘ရေဆုံးမြေဆုံး’ (ခန့်စည်သူ၊မင်းရာဇာ၊ ကျော်ဇောဟိန်း၊မင်းဟိဏ်း၊ အောင်ပိုင်၊ မြတ်မင်းခန့်၊ ထွန်းထွန်းဝင်း၊ ရီတ၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ- မလိခစိုးထိုက်အောင်)**
- ၂း၁၅ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၂း၃၀ ၈။ အကပြိုင်ပွဲ
- ၂း၄၅ ၉။ International News.
- ၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၂၀ ၃။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၄း၃၀ ၄။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန အခြေခံပညာကျောင်းများ ဝတ်ရွတ်ပူဇော်ပွဲ(ပထမဆု) (အထက-၂-လသာ) (လသာရတနာဝတ်ရွတ်အဖွဲ့)
- ၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၀၀ ၆။ **“လက်တွေ့ပြချင်လို့” (ဖြိုးငွေစိုး၊ မြတ်ကေသီအောင်) (ဒါရိုက်တာ-ကြည်စိုး)**
- ၅း၁၀ ၇။ ၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေးသီချင်းများ) (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသမီး)
- ၅း၂၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၁။ အဆိုပြိုင်ပွဲ
- ၆း၄၅ ၁၂။ လပွတ္တာမြို့နယ် စလူဆိပ်ကျေးရွာ မိုးစပါးအထူးထွန်ယက်စိုက်ပျိုးမှု
- ၆း၅၅ ၁၃။ တေးဂီတအစီအစဉ်
- ၇း၀၅ ၁၄။ **“ဆည်းဆာချိန်လေးလှပါစေ” (ပြေတီဦး၊ ဖိုးသောကြာ၊ မင်းရာဇာ၊ခိုင်နှင်းဝေ၊ မျိုးစန္ဒီကျော်၊ ပုလဲဝင်း) [ဒါရိုက်တာ-မြင့်စိုး(ဝ/သ)]**
- ၇း၃၅ ၁၅။ တေးဂီတအစီအစဉ်
- ၇း၄၅ ၁၆။ **“အနုပညာကြေးမုံပြင် တစ်ချပ်ကိုခံစားကြည့်ခြင်း”**
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **“လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး” (အပိုင်း-၂)**
- ၂၁။ အစီအစဉ်ပြီး၏။

○ **ရွှေဖုံးမှ**

ဆက်လက်၍ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်လုပ်ငန်းရှင်များက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု၊ ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်အတွင်း ဖြန့်ဖြူးတင်ပို့ရောင်းချမှု၊ လုပ်ငန်းကဏ္ဍအလိုက် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ကဏ္ဍအလိုက် ပေါင်းစပ်စီမံ ဆောင်ရွက်ပေးကာ နိဂုံးချုပ် အမှာစကားပြောကြားသည်။ (သတင်းစဉ်)

## ပညာရှိသည် သတိဖြင့် အမဲကြည့်၏

**ပညာရှိတို့သည် မမေ့မလျော့သော သတိတရား လက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။**

ဓမ္မပဒ( ၂၈ )

## (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်( ၄ )ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။



## ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် မြစ်ကြီးနားမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် မြစ်ကြီးနားမြို့ အေးမြသာယာရပ်ကွက်ရှိ ရွှေလမ်းအား ကျောက်ချောလမ်းမှ ကတ္တရာလမ်းခင်းထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၇

**ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ အမှတ်(၁) တပ်မတော်ဆေးရုံ ခုတင်(၃၀၀)၌ ဆေးတပ်ဖွဲ့အရာရှိများအား တွေ့ဆုံသည်။**

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ အေးမြသာယာရပ်ကွက်ရှိ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်နေသည့် အရှည် ပေ ၂၁၃၀၊ အကျယ် ၁၈ ပေရှိ ရွှေလမ်းကို ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် စက်ယန္တရားကြီးများဖြင့် လမ်းအဆင့်မြှင့်လုပ်ငန်း ဆောင်ရွက်မှုများနှင့် ကတ္တရာခင်းထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် မြစ်ကြီးနားလေယာဉ်ကွင်း လေယာဉ်ပြေးလမ်း တိုးချဲ့ဖောက်လုပ်ထားသည့် ပေ ၇၀၀၀ မြေသားလမ်း၊ မြစ်ကြီးနားလေဆိပ် အဆောက်အအုံ၊ လေဆိပ်လုံခြုံရေး၊ လေဆိပ်လုပ်ငန်းဆိုင်ရာများ၊ လေဆိပ်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုနှင့် လေယာဉ်ပြေးလမ်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် မြစ်ကြီးနားမြို့မှ လေကြောင်းခရီးဖြင့် နေပြည်တော်သို့ နံနက် ၁၁ နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

### ❖ အိန္ဒိယမှ

အာကာသစူးစမ်းလေ့လာမှုများကို အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စု (ရုရှား)ကဲ့သို့သော အင်အားကြီးနိုင်ငံများကသာ လွှမ်းမိုးခဲ့သော်လည်း ယခုအခါ အိန္ဒိယနှင့် တရုတ်တို့ကဲ့သို့သော အာရှ၏ ထွန်းသစ်စနိုင်ငံများက အာကာသလေ့လာမှုများကို ကမ္ဘာနှင့် ရင်ပေါင်တန်းကာ ပြုလုပ်လျက်ရှိကြသည်။

အိန္ဒိယနိုင်ငံသည် ချန်ဒရာယန်း-၁ (Chandrayaan-1) ဟု အမည်ပေးထားသော အာကာသယာဉ်ကို အောက်တိုဘာလတွင် လကမ္ဘာသို့ စေလွှတ်မည်ဖြစ်သည်။

ချန်ဒရာယန်း-၁ အာကာသယာဉ်နှင့်အတူ အာကာသအတွင်းသို့ လိုက်ပါသွားမည့် နောက်ဆုံးပေါ် X-ray ကင်မရာကို ဗြိတိန်နိုင်ငံရှိ အာကာသသိပ္ပံနှင့် နည်းပညာဌာနနှင့် အိန္ဒိယအာကာသသုတေသနအဖွဲ့တို့မှ သိပ္ပံပညာရှင်များက ဒီဇိုင်းပြု တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကင်မရာကို X-Ray Spectrometer ဟု ခေါ်တွင်ပြီး လကမ္ဘာမျက်နှာပြင်၏ ဖွဲ့စည်းပုံကို လေ့လာမည်ဖြစ်သည်။ လကမ္ဘာ၏ မူလအစနှင့် လကမ္ဘာ၏ တရွေ့ရွေ့ပြောင်းလဲမှုဖြစ်စဉ်တို့နှင့် ပတ်သက်၍ လေ့လာနိုင်မည်ဖြစ်သကဲ့သို့ လကမ္ဘာ၏ ဓာတ်သတ္တုအရင်းအမြစ်များ ဇုန်ရှိမှုအနေအထားကိုလည်း သုတေသနပြုလုပ်နိုင်မည်ဖြစ်သည်။

လကမ္ဘာမျက်နှာပြင်၏ ဓာတုဗေဒဒြပ်စင်များ ကြွယ်ဝမှုအခြေအနေကို ယင်းကင်မရာအသုံးပြု၍ လေ့လာနိုင်မည်ဖြစ်သည်။

အိန္ဒိယသိပ္ပံပညာရှင်များသည် ချန်ဒရာယန်း-၁ အာကာသယာဉ်ပေါ်တွင် စူးစမ်းလေ့လာရေးကိရိယာများ တပ်ဆင်မှုလုပ်ငန်းကို လုပ်ကိုင်ခဲ့ရာ ယခုအခါ ပြီးစီးပြီဟု သိရသည်။

ချန်ဒရာယန်း-၁ အာကာသယာဉ်သည် လကမ္ဘာသို့ သွားရောက်ရန် အိန္ဒိယနိုင်ငံ ဘင်္ဂလိုမြို့ရှိ အိန္ဒိယအာကာသ သုတေသနအဖွဲ့၏ အာကာသစခန်းတွင် အသင့်အနေအထားရှိနေပြီဖြစ်ကြောင်း သတင်းကောင်းကြားသိရသည်။ ***အင်တာနက်။***

## ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၁)၊ အမှတ်(၂) ထွက်ပြီ

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၁)၊ အမှတ်(၂)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ယင်းဂျာနယ်တွင် ရန်ကုန်မြို့ ခရီးသွားသမိုင်းအကြောင်း ရှားပါးဓာတ်ပုံများ၊ မထသယာဉ်မောင်းတို့ ပြိုင်မမောင်းဖို့ လုမမောင်းဖို့ ကျော်မမောင်းဖို့နှင့် သူတို့လိုက်နာကြရသော စည်းကမ်းများအကြောင်း၊ ဖိုးသောကြာ(ခေတ်+မိုး)၏ ရန်ကုန်ခရီးသွားလူထု ၃၃ သိန်းကျော်နှင့် ရန်ကုန်ခရီးသွား အတွေ့အကြုံ၊ မောင်ဆုရှင်၊ စိုးမြင့်ဦး၊ ကံချွန်၊ အစော၊ ဒေါက်တာနုနုယဉ်၊ မောင်တည်ငြိမ်နှင့် အဏ္ဏဝါစိုးမိုးတို့၏ ဝတ္ထု၊ ဆောင်းပါးများ၊ မအိ၏ ကဗျာရှည်နှင့် ဒေါက်တာထီလာစစ်သူ၏ ကဗျာနှစ်ပုဒ်အပြင် လယ်တွင်းသားစောချစ်၏ လောကကို အလှမြင်ပါ ဝတ္ထု၊ ရှင်စိုးမိုး၏ မောင်ကြွက်နှင့်မနီ၊ ဆရာတော်ဦးမာနိတ သိရီဘိဝံသ၏ ဗုဒ္ဓဘာသာဝင်တို့သိစရာ အခြေခံသင်တန်းစာ၊ မောင်ခေတ်ထွန်းနှင့် ခင်မြန်မာတို့၏ ပုံပြင်များ၊ မသင်းထုံ၏ ဝါလကင်းလွတ် သီတင်းကျွတ် ဆောင်းပါးတို့ကို ဖတ်ရှုရမည်ဖြစ်ပြီး တန်ဖိုးမှာ ငွေကျပ် ၇၀၀ ဖြစ်ကြောင်း သိရသည်။

ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများ၊ မန္တလေးထွန်းဦးနှင့် နဂါးစာပေတို့တွင် ရရှိနိုင်ပြီး စာမူနှင့် ကြော်ငြာကိစ္စများအတွက် အမှတ်(၄၇၄) သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## Yangon Tourist Map(12-2008) အခမဲ့ဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်တိုးတက်ရေးအတွက် Design Printing Services Co., Ltd. (D.P.S) သည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို ပုဂ္ဂလိကအခန်းကဏ္ဍတစ်ရပ်၊ တစ်ထောင့်တစ်နေရာမှ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုအနေဖြင့် Tourist Guide Map အမျိုးမျိုးတို့ကို ၁၉၉၅ ခုနှစ်မှ စတင်ပြီး ထုတ်ဝေခဲ့ရာ ယခုဆိုလျှင် စောင်ရေ ၁၅ သိန်းကျော် စီစဉ်ပုံနှိပ်ဖြန့်ချိပြီးဖြစ်သည်။ ယခုထပ်မံစီစဉ်၍ Yangon Tourist Map (12-2008) ကို အခမဲ့ ဖြန့်ချိလိုက်သည်။

Yangon Tourist Map (12-2008)တွင် ရန်ကုန်တစ်မြို့လုံး အသေးစိတ်မြေပုံနှင့် စီးပွားရေးလုပ်ငန်း အများအပြား တည်ရှိရာနေရာများကို အသေးစိတ်ဖော်ပြထားသော မြေပုံတို့ ပါရှိသည်။ ထို့အပြင် နာဂစ်မုန်တိုင်း ဖြတ်သန်းတိုက်ခတ်ခဲ့သည့် ဒေသများ၏ ရေဖုံးလွှမ်းမှုပျက်စီးဆုံးရှုံးမှုများနှင့် ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ကယ်ဆယ်ရေးလုပ်ငန်းအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီနေကြပုံများကို ထည့်သွင်းဖော်ပြထားသည်။ ရန်ကုန်မြို့ရှိ နိုင်ငံတကာလေကြောင်းလိုင်းများ၊ နိုင်ငံတကာ သံရုံးများ၊ Hotel, Inn, Restaurant, Travel & Tour, Golf Courses, Medical Centers, Courier Services, Language Schools, Beauty Spa, Taxi & Transport Services စသည်တို့ကို တည်နေရာနှင့် ဖုန်းနံပါတ်များကို တိကျရှင်းလင်းစွာ ဖော်ပြထားပြီး ကမ္ဘာလှည့် ခရီးသွားဧည့်သည်များ အသုံးပြုနိုင်ရန် ဈေးများ၊ နိုင်ငံတကာအဆင့်မီ အရောင်းခန်းမကြီးများ၊ ပြတိုက်များ၊ ဘုရားပုထိုးစေတီများ ကျောက်မျက်ရတနာနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များကို တိကျသော လမ်းညွှန်များနှင့် အလွယ်တကူရှာဖွေသွားရောက်နိုင်အောင် စီစဉ်ဖော်ပြထားသည်။

ယခုဖြန့်ချိသော Yangon Tourist Map နှင့် အခြားမြန်မာခရီးသွားလမ်းညွှန်မြေပုံများကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့လည်း ထိရောက်စွာ ဖြန့်ဖြူးလျက်ရှိပြီး TTM, PATA, WTM စသည့် ခရီးသွားလုပ်ငန်းပြပွဲများတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဖြန့်ဝေပေးမည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းလုံးရှိ ခရီးသွားလုပ်ငန်းများနှင့် မြန်မာသံရုံးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများသို့ Courier Services များ၏ အကူအညီဖြင့် စနစ်တကျ ပေးပို့ဖြန့်ချိလျက်ရှိသည်။ ပြည်တွင်းသို့ အဓိကခရီးသည်ဝင်ပေါက်ဖြစ်သော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော ခရီးသည်များအားလုံးကို နေ့စဉ်ဝေငှပေးလျက်ရှိသည့်အပြင် နိုင်ငံတကာရှိ ခရီးသွားလုပ်ငန်းကြီးများ၊ ခရီးသွားလုပ်ငန်း အဖွဲ့အစည်းများ၊ ဥပမာ-ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့၊ ဂျာမနီ ခရီးသွားလုပ်ငန်းအစည်းအရုံးများသို့ ဖြန့်ဝေမည်ဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးမှ Hotels, Travel & Tour Operators, Embassies in Myanmar, Airlines, Restaurants, Souvenir-shop စသည့် ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာ ပြသ၍ လည်းကောင်း၊ e-mail, Phone, Fax တို့ဖြင့်လည်းကောင်း၊ (D.P.S) အမှတ် (၁၆၅-၁၆၇) (၃၅)လမ်း ပထမထပ် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၄၀၂၀ တွင် ရုံးချိန်အတွင်း အခမဲ့ မှာကြားထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နိုင်ငံ၏ အချုပ်အခြာ အာဏာနှင့် ပိုင်နက်ကို ထိပါးခြင်းအား သည်းခံမည်မဟုတ်ဟု ပါကစ္စတန်ဝန်ကြီးချုပ်ပြောကြား

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၇**

ပါကစ္စတန်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်နက်အတွင်း ဝင်ရောက်စော်ကားသည့် လုပ်ရပ်များကို သည်းခံလိမ့်မည် မဟုတ်ဟု ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီက စက်တင်ဘာ ၂၄ ရက်တွင် ပြောကြားသည်။

အကြမ်းဖက်သမားများအား နှိမ်နင်းရန်အတွက်ဟု အကြောင်းပြကာ မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်ကို ထိပါးသည့်လုပ်ရပ်ကို လက်ခံနိုင်မည်မဟုတ်ဟူသော အချက်များကို ဝန်ကြီးချုပ်အိမ်တော်၌ ကျင်းပသည့် ညစာစားပွဲ၌ ပြောကြားသွားခြင်းဖြစ်သည်။

အကြမ်းဖက်သမားနှိမ်နင်းရေးစစ်ပွဲနှင့်နိုင်ငံတော်လုံခြုံရေးကိစ္စများဆောင်ရွက်ရာတွင် အစိုးရအနေဖြင့် အဆက်အစပ်ရှိရှိ အလေးထားလုပ်ဆောင်သွားမည်ဟု ၎င်းကဆိုသည်။ သောင်းကျန်းမှုများ ထူပြောသည့်ဒေသနှင့် လူမျိုးစုများနေထိုင်ရာဒေသများရှိ အကြမ်းဖက်သမားများကို နှိမ်နင်းရာတွင် ဘက်စုံမှ ထိုးနှက်သည့်မဟာဗျူဟာ ကျင့်သုံးသွားမည်ဖြစ်ကြောင်း ဂီလာနီက ပြောကြားသွားသည်။ ထို့အပြင် ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့ရှိ မာရီယော့ဟိုတယ်၌ စနေနေ့က ဖြစ်ပွားသောလူ ၅၀ သေဆုံးပြီး ၃၀၀ နီးပါး ဒဏ်ရာရသွားသည့် ဗုံးပေါက်မှုနှင့်ပတ်သက်၍ ပြောကြားရာ၌ ထိုကိစ္စသည် ပါကစ္စတန်အတွက်သာ ပူဆွေးရသည့်ကိစ္စမဟုတ် နိုင်ငံတကာအသိုင်းအဝိုင်းကပါ ဝမ်းနည်းရသောဆိုးရွားသည့်လုပ်ရပ်ပင်ဖြစ်သည်ဟု ၎င်းကသုံးသပ်သွားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်နှင့် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်တို့အား စက်တင်ဘာ ၂၆ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

ကြေးမုံ The Mirror

**နိုင်ငံတကာ သတင်းများ**

## အီရတ်တွင် ချုံခိုတိုက်ခိုက်ခံရသဖြင့် သေဆုံးသူဦးရေ ၃၅ ဦးထိရှိလာ

**ဘာကူဘာ (အီရတ်) စက်တင်ဘာ ၂၆**

အီရတ်နိုင်ငံရှိ မတည်မငြိမ်ဖြစ်နေသော ဒိုင်ရာလာပြည်နယ်တွင် ချုံခိုတိုက်ခိုက်ခံရသဖြင့် သေဆုံးရသော အီရတ်ရဲတပ်ဖွဲ့ဝင်ဦးရေသည် ၃၅ ဦးထိရှိလာပြီဖြစ်သည်ဟု ဒေသဆိုင်ရာမြို့တော်ဝန်က စက်တင်ဘာ ၂၅ရက်တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့မြောက်ဘက် ကန်ဘာနီဆာအစ်မြို့အနီးရှိ အယ်လ်-ဒူလိတ်မက်ကျေးရွာတွင် စက်တင်ဘာ ၂၄ ရက်က ဖြစ်ခဲ့သောတိုက်ပွဲသည် ယခုအတောအတွင်း ဖြစ်ပွားသော တိုက်ခိုက်မှုများအနက် အပြင်းထန်ဆုံးတိုက်ခိုက်မှု တစ်ခုဖြစ်သည်ဟု ဆိုသည်။

ယင်းတိုက်ခိုက်မှုကြောင့်ရဲတပ်ဖွဲ့ဝင် ၁၂ ဦးသေဆုံးကာ အယ်လ်ခိုင်ဒါဆန့်ကျင်ရေး အဖွဲ့ဝင်ရှစ်ဦးသေဆုံးကြောင်းတာဝန်ရှိသူများက ပြောကြားသည်။

***အင်တာနက်။***

## ဗုံးဖြင့်ခြိမ်းခြောက်ခံရသည့်အစ္စရေးခရီးသည်တင်လေယာဉ် တိုက်လေယာဉ် အစောင့်အရှောက်ဖြင့် ကွင်းဆင်းရ

**ဂျေရုဆလင် စက်တင်ဘာ ၂၇**

စက်တင်ဘာ ၂၄ ရက်က ဗုံးဖြင့်ခြိမ်းခြောက်မှုခံရပြီးနောက် အစ္စရေးလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်အားလေဆိပ်သို့ ဆင်းသက်ရာ၌တိုက်လေယာဉ်အစောင့်အရှောက်လိုက်ပါကာ ဆင်းသက်ခဲ့ရကြောင်း တဲလ်အဗစ် အာဏာပိုင်များက ပြောကြားသည်။ သို့ရာတွင် ထိုလေယာဉ်တွင် ဗုံးလက်နက် တစ်စုံတစ်ရာကို ရှာဖွေတွေ့ရှိရခြင်း မရှိဟု ဆိုသည်။

### ဆင်းသက်

ဗုံးခြိမ်းခြောက်ခံရသော လေယာဉ်မှာ အီးအယ်လ်အစ္စရေးလေကြောင်းလိုင်းမှ လေယာဉ်ဖြစ်သည်။ အစ္စရေးနိုင်ငံရှိ ဘင်ဂူရီးယန်း လေဆိပ်သို့ လေယာဉ် ဝင်ရောက်လာသည့်အချိန်တွင် အစောင့်တိုက်လေယာဉ်လည်း လိုက်ပါလာသည်။ ခရီးသည်များ လေယာဉ်ပေါ်မှ ဆင်းသက်ပြီးနောက်တွင် အစ္စရေးလေဆိပ်မှ လုံခြုံရေးများက လေယာဉ်ကို စစ်ဆေးမှုများ ပြုလုပ်ကြသည်ဟု စစ်ဘက်မှ ပြောကြားသည်။

### အဓိကပစ်မှတ်

အဆိုပါ လေယာဉ်သည် ဘိုးရင်း-၇၆၇အမျိုးအစားဖြစ်ပြီးပါရီမှပျံသန်းလာသည်ဟု ချန်နယ်-၂ ရုပ်မြင်သံကြားက ကြေညာသည်။အကြမ်းဖက်တိုက်ခိုက်ရေးသမားများက အစ္စရေးတွင် လေကြောင်းလိုင်းကို အဓိကပစ်မှတ်အဖြစ်ထားကာအန္တရာယ်ပေးနိုင်သောကြောင့် အစ္စရေးလေကြောင်းလိုင်းများတွင် အထူးစိတ်ချရသော လေကြောင်း လုံခြုံရေးများ လိုက်ပါစောင့်ရှောက်ကြရသည်။

***အင်တာနက်။***

## အီရတ်စစ်ပွဲ၌ အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးသူ ၄၁၇၃ ဦးရှိလာ

**ဝါရှင်တန် စက်တင်ဘာ ၂၆**

အီရတ်နိုင်ငံတွင် ၂၀၀၃ ခုနှစ် မတ်လမှစ၍ ၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၃ ရက်အထိ ကာလအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၄၁၇၃ ဦး ထက်မနည်း သေဆုံးခဲ့ရပြီဖြစ်သည်။ ထိုသေဆုံးသူဦးရေတွင် တိုက်ပွဲ၌ သေဆုံးခဲ့သော အရပ်ဘက်ဝန်ထမ်း ရှစ်ဦးလည်း ပါဝင်သည်။ တိုက်ပွဲများကြောင့် တပ်ဖွဲ့ဝင် ၃၃၇၇ ဦးထက်မနည်း သေဆုံးရသည်ဟု အမေရိကန်စစ်ဘက်က တရားဝင် ထုတ်ပြန်ကြေညာသည်။ ထိုတိုက်ပွဲများတွင် ဗြိတိန် ၁၇၆ဦး၊ အီတလီ ၃၃ဦး၊ ယူကရိန်း ၁၈ ဦး၊ ပိုလန် ၂၁ဦး၊ ဘူလ်ဂေးရီးယား ၁၃ဦး၊ စပိန် ၁၁ဦး၊ ဒိန်းမတ် ခုနစ်ဦး၊ အယ်လ်ဆာဗေးဒိုး ငါးဦး၊ စလိုဗက်ကီးယား လေးဦး၊ လတ်ဗီးယားနှင့် ဂျော်ဂျီယာမှ သုံးဦးစီ၊ အက်စတိုးနီးယား၊ နယ်သာလန်၊ ထိုင်းနှင့် ရိုမေးနီးယားမှ နှစ်ဦးစီနှင့် ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် တောင်ကိုးရီးယားတို့မှ တစ်ဦးစီလည်း သေဆုံးခဲ့သည်။

***အင်တာနက်။***



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၂၆ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# သဘာဝဘေးအန္တရာယ်အင်တာနက်သတင်းများ



## ဗီယက်နမ်၌ ရေကြီး၍ ၂၆ ဦး သေဆုံး

**ဟနွိုင်း စက်တင်ဘာ ၂၇**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း၌ ဟာဂူပစ်မုန်တိုင်း တိုက်ခတ်မှုကြောင့် ရေကြီးခြင်းနှင့်မြေပြိုခြင်းတို့ ဖြစ်ပွားရာ ၂၆ ဦး သေဆုံးကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားက ထုတ်လွှင့်သည်။

ဆန်လာပြည်နယ်တွင် ၁၃ဦး သေဆုံးပြီးတစ်ဦးပျောက်ဆုံးနေကြောင်း၊ ဘက်ဂေါင်းပြည်နယ်တွင် ၁၀ ဦးနှင့် လန့်ဆန်ပြည်နယ်တွင် သုံးဦးသေဆုံးကြောင်း ဗွီတီဗွီက ထုတ်လွှင့်သည်။

ယင်းသို့ ဖြစ်ပွားခြင်းကြောင့် ၁၃ ဦးဒဏ်ရာရရှိပြီး အိမ်ခြေ ၁၁၀၀၀ ခန့် ရေမြုပ်ကာ ကောက်ပဲသီးနှံစိုက်ခင်း ဟက်တာ ၁၅၀၀၀ ခန့် ပျက်စီးခဲ့ရသည်။ ဟာဂူပစ်မုန်တိုင်းသည် ဗုဒ္ဓဟူးနေ့မှ ကြာသပတေးနေ့ထိ တိုက်ခတ်သွားခဲ့ခြင်းဖြစ်သည်။

***အင်တာနက်။***



## မက္ကဆီကို၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် ငါးဦးသေဆုံး၊ အိမ်ခြေထောင်နှင့်ချီ၍ ရေနစ်မြုပ်

**ဗီရာခရုဇ်(မက္ကဆီကို) စက်တင်ဘာ ၂၇**

မက္ကဆီကို နိုင်ငံအရှေ့တောင်ပိုင်းတွင် မုန်တိုင်းတိုက်ခတ်ပြီး ရေကြီးခြင်းကြောင့် ရာနှင့်ချီသည့် ပြည်သူများအိုးအိမ်များမှ စွန့်ခွာခဲ့ရပြီး အမျိုးသမီးတစ်ဦးနှင့် ကလေးလေးဦး သေဆုံးခဲ့ရသည်။

ဗီရာခရုဇ်နှင့် တာဘာစကိုပြည်နယ် ကမ်းရိုးတန်းတွင် မြစ်နှစ်ဒါဇင်ကျော် ရေလျှံခဲ့ပြီး ထောင်နှင့်ချီရှိသောနေအိမ်များ ရေမြုပ်ခြင်း၊ တံတားများ ပျက်စီးခြင်းနှင့် ကျေးရွာအချို့အဆက်အသွယ်ပြတ်တောက်ခြင်းများ ဖြစ်ခဲ့ကြောင်း မြို့ပြကာကွယ်ရေး တာဝန်ရှိသူများက ပြောကြားသည်။ ဗီရာခရုဇ်ပြည်နယ်ရှိ ကယ်ဆယ်ရေးစခန်းများတွင် ပြည်သူ ၁၁၀၀ ကျော်ရှိကြောင်း၊ တာဘာစကိုပြည်နယ် မြို့တော်တွင် လူနေရပ်ကွက်အချို့ ရေမြုပ်ခဲ့ကြောင်း သိရသည်။

***အင်တာနက်။***

## အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်၌ ငလျင်လှုပ်

**ဖဲယားဘင့်(အလက်စကာ) စက်တင်ဘာ ၂၇**

အမေရိကန်နိုင်ငံ အလက်စကာပြည်နယ် ဒီနာလီအမျိုးသားဥယျာဉ်အနီးတွင် စက်တင်ဘာ ၂၅ရက် နံနက်၁၁နာရီခွဲကရစ်ချ်တာစကေး ၄ဒသမ ၂ အဆင့်ရှိ ငလျင်လှုပ်သွားကြောင်း အလက်စကာ မြေငလျင်ဌာနက ပြောကြားသည်။

အဆိုပါငလျင်သည် ဟီရာလီဒေသ အရှေ့တောင်ဘက် ခြောက်မိုင်ကွာနေရာကို ဗဟိုပြု၍လှုပ်သွားခြင်းဖြစ်သည်။

ယင်းငလျင်သည် ဟီရာလီ၊ ဒီနာလီဥယျာဉ်၊ ကန့်ဝဲလ်၊ နီနာနာနှင့် ဖဲယားဘင့်ဒေသများတွင် လှုပ်ခတ်သွားကြောင်းဌာနက ပြောကြားသည်။ သို့သော် ပျက်စီးမှုအခြေအနေကိုမူ ပြောကြားခြင်းမပြုပေ။

***အင်တာနက်။***



ဟန်ဂေရီနိုင်ငံတွင် စစ်ရေးလေ့ကျင့်နေသော တီ-၇၂ အမျိုးအစား တင့်ကားများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# တင့်ကား ၃၃ စီး တင်ဆောင်လာသောသင်္ဘော ဆိုမာလီ၌ လုယက်ခံရ

**မိုဂါဒစ်ရှူး စက်တင်ဘာ ၂၆**

ဆိုမာလီကမ်းလွန်တွင် တီ-၇၂ တင့်ကားများ သယ်ဆောင်လာသော ယူကရိန်းသင်္ဘောကို ပင်လယ်ဓားပြများက လုယက်ထားလိုက်သည်ဟု တာဝန်ရှိသူက ပြောကြားသည်။

ဘယ်လဇ်နိုင်ငံ အလံလွှင့်ထားသော ယူကရိန်းသင်္ဘောသည် ကင်ညာနိုင်ငံ မွမ်ဘာဆာ ဆိပ်ကမ်းသို့ ခုတ်မောင်းနေပြီး ထိုသင်္ဘောပေါ်တွင် သင်္ဘောသား ၂၁ဦးပါရှိကြောင်း ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ယင်းသင်္ဘောပေါ်တွင် တင့်ကား ၃၃ စီးနှင့် သံချပ်ကာယာဉ် အပိုစက်ပစ္စည်းများနှင့် ခေတ်မီလက်နက် တင်ဆောင်လာသည်ဟု ရုရှားနိုင်ငံ အင်တာဖက်စ်သတင်းဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆိုမာလီကမ်းလွန်တွင် ယခုကာလ ပင်လယ်ဓားပြတိုက်မှုများ ပိုမိုများပြားလာသည်။

ဆိုမာလီဓားပြများသည် လတ်တလော၌ ပန့်လန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အိုင်လ်မြို့ အခြေစိုက်စခန်းတွင် သင်္ဘောတစ်ဒါဇင်ကျော်ကို ပြန်ပေးဆွဲထားသည်။

ယူကရိန်းသင်္ဘောကိုလည်း ထိုနေရာ၌ပင် ထားသည် မထားသည်ကို တိကျစွာ မသိရှိရပေ။

အပိုင်စီးခံရသောသင်္ဘောပေါ်တွင် တင့်ကားများ သယ်ဆောင်လာသည်ဟူသောသတင်းအား သင်္ဘောသားများကို အကူအညီပေးရေး အစီအစဉ်မှ တာဝန်ရှိသူ အင်ဒရူးမဝမ်ဂူရာက အတည်ပြုပြောကြားသည်။ ထိုတင့်ကားများကို ကုန်းလမ်းမှ ကင်ညာနိုင်ငံကိုဖြတ်၍ ဆူဒန်နိုင်ငံတောင်ပိုင်းသို့ ပို့ဆောင်ပေးရန် ဖြစ်သည်။

လက်နက်ကိုင်ဆောင်ထားသူများ၏ လှေသုံးစင်းသည် ယူကရိန်းသင်္ဘောကို ဝိုင်းရံထားကြောင်း ထိုသင်္ဘော၏ မာလိန်မှူးက ကြာသပတေးနေ့မွန်းလွဲပိုင်းတွင် သတင်းပေးပို့ခဲ့သည်ဟု ယူကရိန်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။ **အင်တာနက်။**

# အာဖဂန်နစ္စတန် နယ်စပ်ဒေသတွင်းမှ ရဟတ်ယာဉ်များကို ပါကစ္စတန်မှ ပစ်ခတ်

**ကဘူး စက်တင်ဘာ ၂၆**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ကို့စ်ပြည်နယ် တာနိုင်းဒေသ နယ်စပ်တစ်လျှောက်ရှိ ပါကစ္စတန်စစ်ဘက်စစ်ဆေးရေးဂိတ်မှ လက်နက်ငယ်များဖြင့်နေတိုးဦးဆောင်သောနိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)မှ ရဟတ်ယာဉ်များကို ကြာသပတေးနေ့က ပစ်ခတ်ခဲ့သည်ဟု ထိုတပ်မှထုတ်ပြန်ကြေညာခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံဘက်ခြမ်းတွင် ပုံမှန် ကင်းလှည့်ပျံသန်းနေစဉ် အိုင်အက်စ်အေအက်ဖ်မှ ရဟတ်ယာဉ်များ အပစ်ခတ်ခံရခြင်းဖြစ်ကြောင်း၊ ထိုတပ်ဖွဲ့မှ ရဟတ်ယာဉ်များသည် ပါကစ္စတန် လေကြောင်းပိုင်နက်အတွင်း ဖြတ်သန်းခဲ့ခြင်းမရှိကြောင်း အဆိုပါအဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ရဟတ်ယာဉ်များ ပျက်စီးမှုနှင့် ထိခိုက်သေဆုံးမှုကိုထုတ်ပြန်ခြင်းမရှိပေ။

ထိုကိစ္စကို အိုင်အက်စ်အေအက်ဖ်နှင့် ပါကစ္စတန်တပ်ဖွဲ့တို့က ပူးပေါင်းဖြေရှင်းလျက်ရှိသည်ဟု သတင်းကထပ်မံ ဖော်ပြသည်။

မျိုးနွယ်စုနေထိုင်ရာ အေးချမ်းမှုမရှိသော အနောက်မြောက်ဒေသတွင် စစ်သွေးကြွများကို အာဖဂန်နစ္စတန်နိုင်ငံရှိ နိုင်ငံတကာ တပ်ဖွဲ့များက နယ်စပ်ဖြတ်ကျော်ပြီး လေကြောင်းမှ တိုက်ခိုက်နေခြင်းကို ပါကစ္စတန်တပ်ဖွဲ့ကအပြစ်တင် ပြောကြားသည်။

**အင်တာနက်။**




အမေရိကန် ရဟတ်ယာဉ်များအား ပါကစ္စတန်တပ်ဖွဲ့များက ပစ်ခတ်ခဲ့သော ပါကစ္စတန်နှင့် အာဖဂန်နယ်စပ် ကို့စ်နယ်မြေကို ဖော်ပြသည့် မြေပုံကားချပ်။

(ဓာတ်ပုံ-အင်တာနက်)

# ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် တိုက်ပွဲထပ်မံဖြစ်ပွား၊ ၃၂ဦးသေဆုံး

**မနီလာ စက်တင်ဘာ ၂၆**

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် အစိုးရတပ်ဖွဲ့နှင့် သူပုန်များအကြား သီတင်းတစ်ပတ်ကျော် ကြာအောင် တိုက်ပွဲများ ထပ်မံဖြစ်သဖြင့် ၃၂ ဦး သေဆုံးသည်ဟု စစ်ဘက်တာဝန်ရှိသူများက စက်တင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။

စက်တင်ဘာ ၂၅ ရက်က မန်ဒါနာအိုဒေသရှိ မာရန်ဒါနာအိုမြို့တွင် ဖြစ်ပွားခဲ့သည့် နောက်ဆုံးတိုက်ပွဲ အခြေအနေအရ မိုရိုလွတ်မြောက်ရေးအဖွဲ့ (အမ်အိုင်အယ်လ်အက်ဖ်)မှ အဖွဲ့ဝင်ကိုးဦး သေဆုံးပြီး အစိုးရတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အစိုးရဘက်မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အဆိုပါဒေသတွင် တိုက်ပွဲများ မကြာခဏ ဖြစ်လျက်ရှိရာတွင် ယခုသီတင်းပတ်အတွင်း၌ မိုရိုအဖွဲ့မှ ၁၉ ဦးထက်မနည်း သေဆုံးပြီး အစိုးရတပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာရရှိခဲ့သည်ဟု သိရှိရသည်။

သို့ရာတွင် မိုရိုအဖွဲ့ကမူ အစိုးရဘက်မှသေကျေဒဏ်ရာရရှိသူများပြားသည်ဟု အခိုင်အမာဆိုသည်။

မိုရိုအဖွဲ့နှင့် ဖိလစ်ပိုင်အစိုးရတပ်ဖွဲ့တို့သည် ၂၀၀၃ ခုနှစ်မှ စတင်က တိုက်ပွဲများဖြစ်ပွားလာခဲ့ရာမှ နှစ်ဦးနှစ်ဖက်ငြိမ်းချမ်းရေးနှင့်စပ်လျဉ်း၍ဆွေးနွေးနေရင်းမှာပင် ဆက်လက်တိုက်ခိုက်လျက်ရှိကြသည်။

မန်ဒါနာအိုဒေသ၌ သူပုန်များနှင့် သဘောတူညီထားမှုအား ဖိလစ်ပိုင်အစိုးရအဖွဲ့က ဖျက်သိမ်းခဲ့ပြီးသည့်နောက်တွင် အကြမ်းဖက်တိုက်ပွဲများ အရှိန်မြင့်တက်လာခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ။**

# အကြမ်းဖက်ဝါဒကို တိုက်ခိုက်ရန် နိုင်ငံတကာအကူအညီ အာဖဂန်နစ္စတန်သမ္မတ တောင်းခံ

**ကုလသမဂ္ဂ စက်တင်ဘာ ၂၆**

အာဖဂန်နစ္စတန်နိုင်ငံသမ္မတ ဟာမစ်ကာဇိုင်းကအကြမ်းဖက်ဝါဒကို တိုက်ခိုက်ရန်အတွက် ကူညီရာတွင် နှစ်ဆတိုး၍ ကြိုးပမ်းအားထုတ်ပေးပါရန် နိုင်ငံတကာအဖွဲ့အစည်းအား ဗုဒ္ဓဟူးနေ့က တောင်းဆိုလိုက်သည်။

အကြမ်းဖက်အဖွဲ့များသည် ၎င်းတို့၏ တိုက်ခိုက်မှုများ၊ လူမဆန်မှုများကို သိသာထင်ရှားစွာ တိုး၍လုပ်ဆောင်လာကြကြောင်း၊ ၎င်းတို့ခိုလှုံရာဒေသများတွင်လည်း လွတ်လပ်စွာနေနိုင်ကြကြောင်း (၆၃)ကြိမ်မြောက်ကုလသမဂ္ဂအထွေထွေညီလာခံတွင် ကမ္ဘာ့ခေါင်းဆောင်များအား ပြောကြားခဲ့သည်။

အကြမ်းဖက်သမားများ၏ ရက်စက်ကြမ်းကြုတ်မှုကို အာဖဂန်နစ္စတန်နိုင်ငံက စုပြုံခံစားနေရစဉ်တွင် အန္တရာယ်သည် ဒေသတစ်ခုလုံးတွင် တောမီးပမာ ကျယ်ပြန့်၍လာခဲ့သည်ဟု ၎င်းကတင်ပြသည်။

ပါကစ္စတန်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများသည် ပါကစ္စတန်အချုပ်အခြာနှင့် ပါကစ္စတန်ပြည်သူများကို တိုက်ရိုက် ဦးတည်လျက်ရှိသည်ဟု မာရီယော့ဟိုတယ် အသေခံဗုံးခွဲတိုက်ခိုက်မှုကို ရည်ညွှန်း၍ ဖြည့်စွက်တင်ပြသွားသည်။ အကြမ်းဖက်ဝါဒကို ဒေသအတွင်း၌ရှိသော အဖွဲ့အစည်းများ၏ ထောက်ခံမှုမပါလျှင် ဖြိုလှဲ၍ မရနိုင်ကြောင်း၊ ခိုလှုံရာနေရာများကို ဖြိုဖျက်၍ မရနိုင်ကြောင်း ကာဇိုင်းက ပြောကြားသည်။ ရိုးသားစွာဖြင့် ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့လျှင် အကြမ်းဖက်မှုကို နှိမ်နင်းနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အာဖဂန်အမျိုးသားလုံခြုံရေး အဖွဲ့အစည်းများကို နှစ်ဆတိုး၍ အကူအညီပေးရန်၊ အာဖဂန်ပြည်သူများကို ကာကွယ်ရန်နှင့် အကြမ်းဖက်သမားများကို တိုက်ခိုက်သော စစ်ပွဲများတွင် တာဝန်ပို၍ ယူပေးကြရန် ကာဇိုင်းက တောင်းဆိုလိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

## ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

# ပါကစ္စတန်ရှိ အမေရိကန် ကောင်စစ်ဝန်ရုံးများ လုံခြုံရေးအခြေအနေကြောင့် ယာယီပိတ်မည်

**ဝါရှင်တန် စက်တင်ဘာ ၂၆**

ပါကစ္စတန်နိုင်ငံရှိ အမေရိကန်နိုင်ငံ ကောင်စစ်ဝန်ရုံးများအား နိုင်ငံအတွင်း အကြမ်းဖက် တိုက်ခိုက်မှု အရှိန်မြင့်တက်လာခြင်းကြောင့် စက်တင်ဘာ ၂၅ ရက်မှ စတင်က ခေတ္တပိတ်ထားမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက တရားဝင်ကြေညာခဲ့သည်။

မိမိတို့အနေဖြင့် လုံခြုံရေးအခြေအနေကိုများစွာဂရုစိုက်ရန်လိုကြောင်း၊ ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ဖြစ်ပွားခဲ့သည့် မာရီယော့ဟိုတယ် တိုက်ခိုက်ခံရမှုသည် အဓိကအလေးထားစရာကိစ္စရပ်တစ်ခုပင်ဖြစ်သည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရောဘတ်ဝုဒ်က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံရှိ အမေရိကန် ကောင်စစ်ဝန်ရုံးများအား ယာယီပိတ်ထားမည်ဆိုသော်လည်း အမေရိကန်နိုင်ငံသားများအတွက်မူ အရေးပေါ်ဝန်ဆောင်မှုများ ပြုလုပ်သွားမည်ဟု ဆိုသည်။

ပိတ်ထားမည့် ကောင်စစ်ဝန်ရုံးများသည် ကရာချိ၊ လာဟိုင်၊ ပက်ရှ်ဝါနှင့် အစ္စလာမ္မာဘတ်မြို့တို့တွင် ရှိသည်။

စက်တင်ဘာ ၂၀ ရက်က အစ္စလာမ္မာဘတ်မြို့လယ်ရှိ မာရီယော့ဟိုတယ်အနီးတွင် ဖြစ်ပွားသည့် ဗုံးပေါက်ကွဲမှု ဖြစ်စဉ်ကြောင့် အမေရိကန်နိုင်ငံသား နှစ်ဦးနှင့်အတူ ချက်သံအမတ်ကြီး အီဗိုဇာဒါရက် အပါအဝင် ၅၃ ဦးထက်မနည်း သေဆုံးခဲ့ရသည့်အပြင် အခြား ၂၅၀ ကျော်လည်း ဒဏ်ရာရရှိခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ။**

# မဲခေါင်မြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်း ရေးဆွဲ

**ဗီယင်ကျင်း စက်တင်ဘာ ၂၇**

စက်တင်ဘာ ၂၅ ရက်က မဲခေါင်မြစ်ကြောင်းဆိုင်ရာ ကော်မရှင်အဖွဲ့ (အမ်အာရ်စီ)အစည်းအဝေးကို စတင်ကျင်းပခဲ့ရာ ထိုဒေသ၏ မဲခေါင်မြစ်ရေအားလျှပ်စစ် ထုတ်လုပ်ရေးအစီအစဉ်အတွက် ဆွေးနွေးညှိနှိုင်းကြကြောင်း၊ ထိုစီမံကိန်းတွင် မဲခေါင်မြစ်ဝှမ်းတစ်လျှောက်ရှိ နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊လာအို၊ထိုင်း၊ ဗီယက်နမ်၊ မြန်မာနှင့် တရုတ်တို့က ပူးပေါင်းလုပ်ဆောင်ကြရန် ရည်ရွယ်ကြောင်းသိရသည်။

ယင်းစီမံကိန်း အကောင်အထည်ဖော်ရန်မဲခေါင်မြစ်ဝှမ်းဒေသ အောက်ပိုင်းတွင် ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရကဏ္ဍတို့ ပူးပေါင်း၍ ကြိုးပမ်းမှုများ၊ အဆိုပြုမှုများ ရှိလာပြီဖြစ်သည်။ ထိုအစီအမံများတွင် မဲခေါင်၏ မြစ်ချောင်းလက်တက်များမှ ရေအားလျှပ်စစ်ထုတ်ယူရန် လုပ်ငန်းလည်း ပါဝင်သည်။ **အင်တာနက်။**

# တရုတ်ယုန်ဖြူသကြားလုံးများတွင် မယ်လမင်းဓာတ်များ ပါဝင်ကြောင်းတွေ့ရှိ

**ပေကျင်း စက်တင်ဘာ ၂၇**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့အခြေစိုက် သကြားလုံးထုတ်လုပ်သောကုမ္ပဏီက ၎င်း၏ သကြားလုံးများတွင် မယ်လမင်းဓာတ်များ ပါဝင်နေသောကြောင့် သကြားလုံးထုတ်လုပ်မှုကို ရပ်ဆိုင်းလိုက်ကြောင်း ပြောကြားသည်။

ယုန်ဖြူတံဆိပ်ပါသကြားလုံးများကို အာရှနှင့် ဗြိတိန်နိုင်ငံတို့ရှိဆိုင်များမှ ပြန်လည်သိမ်းယူလျက်ရှိသည်။

ရွှမ်ရှောင်းယွမ်ကုမ္ပဏီသည် ဓာတ်ခွဲစမ်းသပ်ရန်ပေးထားသော သကြားလုံးများ၏အဖြေကို စောင့်ဆိုင်းလျက်ရှိကြောင်း၊ သို့သော် ကြိုတင်ကာကွယ်သည့်အနေဖြင့် အရောင်းပိတ်ထားကြောင်း ရှန်ဟိုင်းမြို့မှ သကြားလုံးထုတ်လုပ်သော ဘရိုက်ဖုကုမ္ပဏီလီမိတက်အုပ်စု ဒုတိယဥက္ကဋ္ဌက ပြောကြားသည်။

တရုတ်နိုင်ငံမှ လူကြိုက်များသော သကြားလုံးများကို အာရှနှင့် ကမ္ဘာတစ်ဝန်းနိုင်ငံပေါင်း ၅၀ကျော်သို့ တင်ပို့ရောင်းချလျက်ရှိသည်။ အမေရိကန်ပြည်ထောင်စုသို့ တင်ပို့ရသည့် သကြားလုံးရောင်းရငွေမှာ လွန်ခဲ့သောနှစ်ကာလအတွင်း၌ အမေရိကန်ဒေါ်လာ သန်း ၁၆၀ အထိ ရှိသည်။ အမေရိကန်ပြည်ထောင်စု အစားအသောက်နှင့် ဆေးဝါးအုပ်ချုပ်ရေးအဖွဲ့က စားသုံးသူများအား ယုန်ဖြူတံဆိပ် သကြားလုံးများကိုမစားရန် တားမြစ်ထားသည်။ ၎င်းအပြင် တရုတ်ထိုင်ဝမ်မှ စားသောက်ကုန်လုပ်ငန်းကုမ္ပဏီက ပြန်လည်သိမ်းယူလျက်ရှိသော မစ္စတာဘရောင်း ကော်ဖီမစ်များနှင့် နို့ထွက်စားသောက်ကုန်များကို ရှောင်ကြဉ်ကြရန် တိုက်တွန်းထားသည်။

စင်ကာပူနှင့် နယူးဇီလန်၌ ယခုအပတ်အတွင်း ဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်အရ ယုန်ဖြူသကြားလုံးများတွင် တရုတ်နိုင်ငံ နို့နှင့်နို့ထွက်ပစ္စည်းများပါဝင်နေကြောင်း တွေ့ရှိရပြီး လူသေစေနိုင်သော စက်မှုလုပ်ငန်းသုံး မယ်လမင်းဓာတ်ပစ္စည်းများ ပါဝင်ကြောင်း တွေ့ရှိခဲ့ကြသည်။ **အင်တာနက်။**

# ဒို့ဘိုးဒို့ဘွား ဒို့သွေးသား၊ စာနာဆပွားအလေးထား

ကြည်ထွန်း
(လူမှုဝန်ထမ်း)

လူသားတစ်ဦးချင်းစီ၏ အန္တိမရည်မှန်းချက်မှာ အသက်ရှည်ကျန်းမာစွာ နေထိုင်ရေးပင် ဖြစ်သည်။ ရှေးအခါက ဇာတာဖွဲ့ရာတွင် **“အသက်တစ်ရာ နှစ်ဆယ် ရှည်စေသောဝ်”**ဟု ရေးသားလေ့ရှိသည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအတော်များများတွင်ကျန်းမာရေးစောင့်ရှောက်မှု မြင့်မားလာသည်နှင့်အမျှ လူ့သက်တမ်းမှာလည်း မြင့်တက်လာသည်။ “ကမ္ဘာ့လူဦးရေသည် လက်ရှိ ၆ဒသမ ၇ဘီလီယံရှိရာမှ ၂၀၂၀ပြည့်နှစ်တွင် ၉ဒသမ ၂ဘီလီယံအထိ တိုးလာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အသက်၆၀ အထက်ရှိ သက်ကြီးရွယ်အိုဦးရေမှာလည်း ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံခန့် ရှိလာမည်ဟု ခန့်မှန်းကြောင်း” ၂၀၀၇ခုနှစ်၊ မတ်လ၁၇ရက်က ကုလသမဂ္ဂ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

အာဆီယံနိုင်ငံများအတွင်း အသက်၆၅နှစ်နှင့်အထက် သက်ကြီးရွယ်အို တိုးတက်မှုရာခိုင်နှုန်းမှာ ၂၀၀၃ခုနှစ်တွင် ၃ဒသမ၉၃ရာခိုင်နှုန်း ရှိရာမှ ၂၀၀၅ ခုနှစ်တွင် ၆ဒသမ ၄၄ရာခိုင်နှုန်းအထိ တိုးလာသည်။ ထို့အတူ အသက်ရာကျော်ရှည်သော ဘိုးဘွားဦးရေမှာလည်း တိုးပွားလျက်ရှိသည်။ ၂၀၀၇ခုနှစ်၊ မြန်မာနိုင်ငံ ဂုဏ်ပြုခံသက်ကြီးရွယ်အိုစာရင်းအရ မန္တလေးတိုင်း အမရပူရမြို့နယ် ပေါက်ချိုင်ကုန်းရွာမှ အဘွားဒေါ်မြကြီး (၁၁၅)နှစ်သည် အသက်အကြီးဆုံး အဘွားဖြစ်ပြီး ဧရာဝတီတိုင်း အိမ်မဲမြို့နယ် မာလာကုန်းရွာမှအဘိုးဦးဘသော် (၁၁၁)နှစ်သည် အသက်အကြီးဆုံး အဘိုးဖြစ်ကြောင်း သိရသည်။ သို့ဖြစ်၍ ရှေးမြန်မာများ မျှော်မှန်းသော လူ့သက်တမ်းတစ်ရာ့နှစ်ဆယ်သို့ ရောက်ရှိ ရန်ကား အလှမ်းမဝေးတော့ပြီ။

သက်ကြီးရွယ်အိုဦးရေသည် တစ်ကမ္ဘာလုံးတွင် နေ့စဉ်တိုးပွားနေသည်ဖြစ်၍ ဂျပန်နိုင်ငံနှင့် အလားတူ ဖွံ့ဖြိုးပြီး နိုင်ငံအချို့၌ သက်ကြီးရွယ်အို စောင့်ရှောက်မှု ပြဿနာများရင်ဆိုင်နေရပြီဖြစ်သည်။ ကုလသမဂ္ဂ အဖွဲ့ကြီးက နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့ကို **“အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့”** အဖြစ် ဂုဏ်ပြုသတ်မှတ်ပေးကာ သက်ကြီးရွယ်အို စောင့်ရှောက်မှုဆိုင်ရာ အခြေခံမူငါးရပ်ကို ချမှတ်ပေးထားသည်။ အရှေ့အာရှနိုင်ငံများတွင် ကျင့်သုံးဆောင်ရွက်နေသော သက်ကြီးရွယ်အိုစောင့်ရှောက်မှုဆိုင်ရာ နည်းစနစ်များမှာ (၁) အိမ်အရောက်စောင့်ရှောက်ခြင်း (Home Care Service) တစ်နည်းအားဖြင့် (Volunteer Base Service)၊ (၂) မိသားစုအခြေပြုစောင့်ရှောက်ခြင်း (Home Base Care Service)၊ (၃) ရပ်ရွာအခြေပြုစောင့်ရှောက်ခြင်း (Community Base Service)၊ (၄) ဂေဟာများ တည်ထောင်ဖွင့်လှစ်၍ စောင့်ရှောက်ခြင်း (Group Home Care Service)၊ (၅) နေ့စောင့်ရှောက်ရေးဂေဟာများ ဖွင့်လှစ်စောင့်ရှောက်ခြင်း (Day Care Centre)၊ (၆) စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာများ ထူထောင်ခြင်း (Volunteer Elderly Home) တစ်နည်းအားဖြင့် (Home for the Aged)တို့ ဖြစ်သည်။

မြန်မာနိုင်ငံတွင် အထက်ပါနည်းလမ်း ခြောက်မျိုးအနက် **“စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာများ”** ထူထောင်သည့်နည်းစနစ်ကို ကျင့်သုံးခဲ့သည်မှာ နှစ်ပေါင်း ကိုးဆယ်ကျော်ခဲ့ပြီ ဖြစ်သည်။ နိုင်ငံတစ်ဝန်းရှိ ဘိုးဘွားရိပ်သာ ၅၉ခုတွင် ဘိုးဘွားဦးရေ ၂၀၀၀ကျော်ကို စောင့်ရှောက်မှု ပေးလျက်ရှိသည်။ မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၌ သက်ကြီးရွယ်အိုတိုးပွားမှု ပြဿနာမရှိသေးသော်လည်း မဝေးသောကာလတွင် အခြားနိုင်ငံများနည်းတူကြုံတွေ့ရမည်မှာမလွဲပေ။ နိုင်ငံတော်၏ အနာဂတ်အရေးကို မျှော်တွေး၍ သက်ကြီးရွယ်အို စောင့်ရှောက်မှုဆိုင်ရာ နည်းစနစ်သစ်များကို အစပျိုးဆောင်ရွက်ရန် လိုအပ်လာပေသည်။

ယခုအချိန်တွင် အာဆီယံဒေသတစ်ဝန်းလုံး၌ **“ကိုရီးယား-အာဆီယံ သက်ကြီးရွယ်အို အိမ်တိုင်ရာရောက်စောင့်ရှောက်ရေးရွှေ့ပြောင်းအစီအစဉ်(၂)”** (Rok-ASEAN Home Care for Older People) ကို ဆောင်ရွက်လျက်ရှိကြသည်။ ၂၀၀၃ခုနှစ်က စတင်ဖော်ဆောင်သော ဤစီမံကိန်း အဆင့်(၁)သည် အရှေ့တောင်အာရှ နိုင်ငံများ၏ ယဉ်ကျေးမှုရိုးရာဓလေ့နှင့် ကိုက်ညီသည်။ ငွေကြေးကုန်ကျမှု အနည်းငယ်ဖြင့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်သော အဖိုးနည်းဝန်ပါ လုပ်ငန်းတစ်ရပ်လည်း ဖြစ်သည်။ သို့ဖြစ်၍ စီမံကိန်းအဆင့် (၂) ၂၀၀၆-၂၀၀၉ကို တစ်ဆင့်တက်လှမ်း ဆောင်ရွက်ခြင်းပင် ဖြစ်သည်။ အဆိုပါစီမံကိန်း၏ အဓိကအနှစ်သာရမှာ **“ဆင်းရဲနွမ်းပါး၍ အားငယ်အထီးကျန်ဆန်သော သက်ကြီးရွယ်အိုများ၏နေအိမ်ကို အရောက်သွားကာ ၎င်းတို့၏ ကျန်းမာရေး၊လူမှုရေးအခြေအနေများ တိုးတက်ကောင်းမွန်လာစေရန် လေ့ကျင့်သင်ကြားပေးထားသော စေတနာ့ဝန်ထမ်းများက သွားရောက်ပြုစုစောင့်ရှောက်ပေးခြင်း”**ပင် ဖြစ်ပါသည်။

အာဆီယံနိုင်ငံ ၁၀ နိုင်ငံကို အုပ်စုနှစ်စုခွဲ၍ ဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းအုပ်စု (၂)တွင် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ ပါဝင်ကြသည်။ မြန်မာနိုင်ငံ၌ အဆိုပါ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး ရွှေ့ပြောင်းစီမံကိန်းအဆင့် (၂)ကို ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် နေပြည်တော်တို့ရှိ စီမံကိန်းဝင်မြို့နယ် ၂၅မြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည်။

> **ရှေးမြန်မာ ဘိုးဘွားများထံမှ ကောင်းမြတ်သည့် လူမှုဝန်ထမ်းစိတ်ဓာတ် အမွေရရှိထားသော မျိုးဆက်သစ် လူငယ်များအဖို့ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးတာဝန်ကို စိတ်ရောကိုယ်ပါ ထမ်းရွက်ကြရန် တာဝန်ရှိပေသည်။**




NGO, INGOအဖွဲ့အစည်းများဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ World Vision, YMCA, YMBA တို့က အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိကြသည်။ ယခုအခါ အောင်မြင်မှုအရှိန်အဟုန်ကောင်းများ ရရှိနေပြီဖြစ်သည်။

အထက်ပါ NGO အဖွဲ့အစည်းများ လုပ်ငန်းဆောင်ရွက်ရာ၌ အဖွဲ့အလိုက်ရရှိခဲ့သည့် အတွေ့အကြုံ အပြန်အလှန်ဖလှယ်ပွဲများကို ၂၀၀၇ခုနှစ်၊ ဇူလိုင်လမှ အောက်တိုဘာလအတွင်း မန္တလေးတိုင်း-အမရပူရ၊ ရန်ကုန်တိုင်း-ဒေါပုံ၊ ဧရာဝတီတိုင်း-ပုသိမ်၊ မွန်ပြည်နယ်-မော်လမြိုင်/သံဖြူဇရပ်နှင့် နေပြည်တော်တို့တွင် ကျင်းပခဲ့သည်။ ထို့အပြင် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ပါဝင်သော အုပ်စု (၂)၏ သက်ကြီးရွယ်အို အိမ်အရောက်စောင့်ရှောက်ရေးဆိုင်ရာ အပြန်အလှန်လေ့လာရေးခရီးစဉ် (Exchange Visit) ကို ၂၀၀၈ခုနှစ်၊ ဇွန်လ ၂၃ရက်နေ့မှ ၂၅ရက်နေ့အထိ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည်။

မြန်မာနိုင်ငံ သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသော လူမှုဝန်ထမ်းဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ YMCA, YMBA, World Vision စသော စေတနာ့ဝန်ထမ်းလူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။အဆိုပါလေ့လာရေးခရီးစဉ်၌အာဆီယံ ငါးနိုင်ငံအတွင်း ရပ်ရွာအခြေပြုသက်ကြီးရွယ်အို စောင့်ရှောက်ရေးအစီအစဉ်များကို ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြပြီး ဆောင်ရွက်ဖွယ်ရာ နည်းလမ်းကောင်းများ၊ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးဖော်ထုတ်နိုင်ခဲ့သည်မှာ ဝမ်းမြောက်ဂုဏ်ယူဖွယ် ကောင်းလှပေသည်။

သက်ကြီးရွယ်အိုအများစုသည် မည်မျှပင်ဆင်းရဲချို့ငဲ့သည်ဖြစ်စေကာမူ သူတို့၏မိသားစုကို တွယ်တာကြသည်။ သူတို့၏အိမ်ကိုခင်တွယ်ကြသည်။ သူတို့ရပ်ရွာကို ခုံမင်ကြပြီး သူတို့၏ပတ်ဝန်းကျင်ကိုသာ နှစ်ခြိုက်မြတ်နိုးကြသူများဖြစ်သည်။ သို့ဖြစ်၍ သက်ကြီးရွယ်အိုများထံ အိမ်တိုင်ရာရောက် သွားရောက်၍ စောင့်ရှောက်မှုပေးခြင်းသည် ဘိုးဘွားရိပ်သာများသို့ မသွားရောက်လိုသော သက်ကြီးရွယ်အိုများ၏ သာယာချမ်းမြေ့မှုအတွက် အိုးမကွာ အိမ်မကွာ ပြုစုစောင့်ရှောက်နိုင်သော လုပ်ငန်းတစ်ရပ် ဖြစ်သည်။ မြတ်ဗုဒ္ဓ၏ ၃၈ဖြာမင်္ဂလာ တရားတော်နှင့် လည်းညီသည်။ ကုသိုလ်လည်းရ ဝမ်းလည်းဝ ဆိုသကဲ့သို့ ကောင်းမြတ်သော မနသိကာရဖြင့် ကောင်းမြတ်သောအမှုကို ပြုခြင်း ဖြစ်သောကြောင့် ကြားရ၊ မြင်ရ၊ ဆောင်ရွက်ရသူတို့အဖို့ အဖိုးမဖြတ်နိုင်သော စိတ်နှလုံး ချမ်းမြေ့မှုကိုလည်း ဖြစ်စေသည်။ ဤစီမံကိန်း အောင်မြင်ရေးအတွက် တစ်ယောက်မှ တစ်ရာ ဆိုသကဲ့သို့ ကြီးငယ်မဟူ ပြည်သူအပေါင်းတို့က ဝမ်းပန်းတသာ ပါဝင်ဆောင်ရွက်ကြဖို့ လိုပေသည်။

ဒါန-ပေးကမ်းခြင်း၊ ပိယဝါစာ-ချစ်ဖွယ်စကားဆိုခြင်း၊ အတ္ထစရိယ-အကျိုးဆောင်ခြင်း၊ သမာနတ္တတာ-မိမိနှင့်တန်းတူ ဆက်ဆံခြင်းဟူသော “သင်္ဂဟတရားလေးပါး”သည်လူမှုဝန်ထမ်းစိတ်ဓာတ်၏ အခြေခံတရားပင်ဖြစ်သည်။ သက်ကြီးရွယ်အိုများ ဘဝ စိုပြည်လှပရေးအတွက် မည်သည့်နည်းစနစ်များကို ကျင့်သုံးသည်ဖြစ်စေ လူမှုဝန်ထမ်းစိတ်ဓာတ် အရင်းခံဖြင့်သာဆောင်ရွက်ကြရပေမည်။ ရှေးမြန်မာ ဘိုးဘွားများထံမှ ကောင်းမြတ်သည့် လူမှုဝန်ထမ်းစိတ်ဓာတ် အမွေရရှိထားသော မျိုးဆက်သစ် လူငယ်များအဖို့ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေး တာဝန်ကို စိတ်ရောကိုယ်ပါ ထမ်းရွက်ကြရန် တာဝန်ရှိပေသည်။

အို၊နာ၊သေရေးဟူသော ဘေးဒုက္ခသုံးပါးသည် လူသားတိုင်း ရင်ဆိုင်ကြုံတွေ့ရမည့် သင်္ခါရတရားဖြစ်သည်။ အိုခြင်းတရားကို မည်သူကမျှ ဟန့်တား၍ မရနိုင်ခြင်းကြောင့် ဘိုးဘွားရိပ်သာများတွင် **“သင်လည်း ဤသို့ အိုရအံ့” “သင်လည်း တစ်နေ့ မုချအိုရမည်”** ဟူသော သတိပေးစာတန်းဆိုင်းဘုတ်များနှင့်အတူ-

> **“မအိုခင်က၊ အိုဒုက္ခကို**
> **တွေးဆစာနာ၊ ကရုဏာဖြင့်**
> **ဝေဆာတင့်ဆန်း၊ စေတနာပန်းများ**
> **ပွင့်သင့်ပြီ”** အစရှိသော သံဝေဂလင်္ကာများဖြင့်

စေ့ဆော်ထားသည်ကို တွေ့မြင်နိုင်ပါသည်။

သို့ဖြစ်၍ ပြည်ထောင်စုတစ်ဝန်းလုံးရှိ သွေးချင်းသားချင်း သက်ကြီးရွယ်အိုများအပေါ် မေတ္တာ၊ ကရုဏာ၊ စေတနာ၊ အကြင်နာအပြည့်ဖြင့် စာနာဆပွား အလေးထားလျက် ကူညီပြုစုစောင့်ရှောက်ကြပါစို့ဟု နှိုးဆော်အဖော်ညှိအပ်ပါသတည်း။ ။

# တာပိန်(၂)ရေအားလျှပ်စစ်စီမံကိန်းအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၇

**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Datang Yunan United Hydropower Developing Co.,Ltd တို့ တာပိန်(၂) ရေအားလျှပ်စစ်စီမံကိန်းအတွက် နှစ်ဖက်သဘောတူ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို စက်တင်ဘာ ၂၅ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အဆိုပါ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Datang Yunan United Hydropower Developing Co.,Ltd မှ President, Mr.Wu Jing နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ အစီအစဉ်အရအမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Datang Yunan United Hydropower Developing Co.,Ltd မှ President, Mr.Wu Jing က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Datang Yunan United Hydropower Developing Co.,Ltd မှ President တို့က နှစ်ဖက်နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနေ့ နားလည်မှုစာချွန်လွှာ ရေးထိုးသော တာပိန်(၂) ရေအားလျှပ်စစ်စီမံကိန်းမှာ စက်တပ်ဆင်အားမဂ္ဂါဝပ် ၁၆၀ ရှိမည့် စီမံကိန်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)




**ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Datang Yunan United Hydropower Developing Co., Ltd တို့ တာပိန်(၂) ရေအားလျှပ်စစ်စီမံကိန်းအတွက် နှစ်ဖက်သဘောတူ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနား ကျင်းပစဉ်။** (သတင်းစဉ်)

# လေဘေးသင့် အဆောက်အအုံများအတွက် အလှူငွေပေးအပ်ပွဲနှင့် သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၇**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ လေဘေးသင့်အဆောက်အအုံများအတွက် အလှူငွေပေးအပ်ပွဲနှင့် On Site Training Course for Safety of Quality Assurance of Frozen Products သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမအနောက်ရှိ မြန်မာပြည်သားအအေးခန်းနှင့် ရေခဲစက်ရုံခန်းမဆောင်၌ ကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာပြည်သားအအေးခန်းစက်ရုံနှင့် ရေခဲစက် မန်နေဂျင်းဒါရိုက်တာ သီရိသုမေ္ဘမဏိဇောတဓရ ဦးတင်ဝင်းက ငါးလုပ်ငန်းဦးစီးဌာန၏ လေဘေးသင့်အဆောက်အအုံများ ပြုပြင်ရန်အတွက် အလှူငွေကျပ် ငါးသိန်းနှင့် ငါးလုပ်ငန်းအတတ်သင်သိပ္ပံကျောင်းအတွက် အလှူငွေကျပ်နှစ်သိန်းတို့ကို ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကျောင်းအုပ်ကြီးတို့ထံ ပေးအပ်သည်။

ယင်းနောက် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ အဆိုပါ ငါး၊ ပုစွန်ပြုပြင်ထုတ်လုပ်ခြင်းသင်တန်းသို့ မြန်မာပြည်သား အအေးခန်းစက်ရုံနှင့် ကိုတံငါ အအေးခန်းစက်ရုံတို့မှ ဝန်ထမ်း သင်တန်းသား ၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

**ငါးလုပ်ငန်း ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးထံ သီရိသုမေ္ဘမဏိဇောတဓရ ဦးတင်ဝင်းက ငါးလုပ်ငန်း ဦးစီးဌာန လေဘေးသင့် အဆောက်အအုံများ အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။** (မွေး/ရေ)




# တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၇**

၂၀၀၈ ခုနှစ် (၂၄) ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား အသက် (၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် ဇုန်များ၌ စက်တင်ဘာ ၂၆ ရက် ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

**အနိုင်ရရှိ**

(က)အုပ်စု ရတခဇုန်(မော်လမြိုင်)၌တပ်မတော်(ရေ)အသင်းက အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် အသင်းကို ၁၂ ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၁၀၁) ခြေမြန်တပ်မ ဌာနချုပ်အသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဂ) အုပ်စု နမခဇုန် (မုံရွာ)၌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၃၃) ခြေမြန်တပ်မ ဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ဃ) အုပ်စု လပခဇုန် (မန္တလေး)၌ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ် (၈၈)ခြေမြန်တပ်မ ဌာနချုပ် အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (င)အုပ်စု တပခဇုန် (တောင်ငူ)၌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အသင်းက တြိဂံဒေသတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု (က) အသင်းကို ရှစ်ဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၀၈ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရသူများကြေညာ

**ရန်ကုန် စက်တင်ဘာ ၂၇**

၂၀၀၈ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရရှိသူများစာရင်းကို သက်ဆိုင်ရာက ယမန်နေ့တွင် ထုတ်ပြန်ကြေညာသည်။

ဆောင်းပါးပြိုင်ပွဲကို **'ဆရာ့ပီတိ'**ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ အခြေခံပညာ မူလတန်းအဆင့် ဆရာ၊ ဆရာမများ ဆောင်းပါး ပြိုင်ပွဲ၌ ပထမဆုကို မန္တလေးတိုင်းချမ်းအေးသာစံမြို့နယ် အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာမဒေါ်သဇင်၊ ဒုတိယဆုကို ရန်ကုန်တိုင်း ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်အေးမြတ်စန္ဒာထွန်းနှင့် တတိယဆုကို မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၁၇)အခြေခံပညာမူလတန်းကျောင်းမှ အငြိမ်းစား မူလတန်းကျောင်းအုပ် ဒေါ်ခင်ဝင်း(ခင်ခင်ဝင်း-ပညာရေး)တို့က ရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့် ဆရာ၊ ဆရာမများ ဆောင်းပါးပြိုင်ပွဲ၌ ပထမဆုကို မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်နန်းတင်ရီ(တက္ကသိုလ် နန်းဖြူဖြူထွန်း)၊ ဒုတိယဆုကို နေပြည်တော် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ဌေးဌေးကြွယ်(ရှင်ယုယ) နှင့် တတိယဆုကို နေပြည်တော် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ် ဒေါ်သီတာ(ငြိမ်းသီတာ)တို့က ရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် ဆရာ၊ ဆရာမများဆောင်းပါးပြိုင်ပွဲ၌ ပထမဆုကို မန္တလေးတိုင်း ပညာရေးမှူးရုံးမှ လက်ထောက်ကြီးကြပ်ရေးမှူး ဦးမြင့်မျိုး(အေးငြိမ်းကို)၊ ဒုတိယဆုကို ပဲခူးတိုင်း ပညာရေးမှူးရုံးမှ အငြိမ်းစားတိုင်းပညာရေးမှူးဦးသိန်းလှိုင်နှင့် တတိယဆုကို စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် ကျောက်မြောင်း အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာ ဦးနေဝင်းတို့က ရရှိကြသည်။

အဆင့်မြင့်ပညာအဆင့် ဆရာ၊ ဆရာမများဆောင်းပါးပြိုင်ပွဲ၌ ပထမဆုကို ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ကထိကဒေါက်တာသန်းဝင်း၊ ဒုတိယဆုကို ပုသိမ်တက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဒေါက်တာနွယ်နွယ်စိုးနှင့် တတိယဆုကို ပဲခူးဒီဂရီကောလိပ် မြန်မာစာဌာနမှ ပါမောက္ခ ဒေါက်တာချိုချိုတင့်တို့က ရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို **'ဆရာကောင်းမှ တပည့်ကောင်း'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ချင်းပြည်နယ် ဖလမ်းမြို့ အခြေခံပညာအလယ်တန်းကျောင်းမှ သတ္တမတန်း ကျောင်းသူ မကတ်သရင်းရှန်မွန်ကိမ်း၊ ဒုတိယဆုကို မွန်ပြည်နယ် မုဒုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မသီရိမြတ်နိုးဦးနှင့် တတိယဆုကို ရန်ကုန်တိုင်း ခရမ်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မသူဇင်မင်းတို့က ရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို **'ဆရာကောင်းမှ တပည့်ကောင်း'**ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မနီယာန်ချင်းပါရ်၊ ဒုတိယဆုကို မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မဝတ်ရည်ငြိမ်းနှင့် တတိယဆုကို မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသူ မခိုင်ဇင်မွန်တို့က ရရှိကြသည်။

ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲကို **'ပညာ့ဥယျာဉ်မှူး'**ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ဘားအံပညာရေးကောလိပ်မှ ဒုတိယနှစ်(သိပ္ပံ)သင်တန်းသူ မနန်းညိုလှိုင်၊ ဒုတိယဆုကို တောင်ငူပညာရေးကောလိပ်မှ ဒုတိယနှစ်(သိပ္ပံ)သင်တန်းသူ မယုမွန်သဲနှင့် တတိယဆုကို မုံရွာပညာရေးကောလိပ် ဒုတိယနှစ်(သိပ္ပံ)သင်တန်းသား မောင်ဇေယျာဝင်းတို့က ရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲကို**'အသီးတစ်ရာအညှာတစ်ခု'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်း ကျောင်းသူ မရတီဖြိုး၊ ဒုတိယဆုကို ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မအိအိဇော်တင်သိန်းနှင့် တတိယဆုကို စစ်ကိုင်းတိုင်းမုံရွာမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မသူသူဟန်တို့က ရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲကို **'အသီးတစ်ရာ အညှာတစ်ခု'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ပဲခူးတိုင်း ပဲခူးမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မသင်းမြတ်မြတ်စိုး၊ ဒုတိယဆုကို မန္တလေးတိုင်း မြစ်သားမြို့နယ် ကူမဲ အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသား မောင်ဇေညွန့်ဆက်နှင့် တတိယဆုကို မွန်ပြည်နယ် မုဒုံမြို့နယ် ပိန္နဲတိုက် အခြေခံပညာ အထက်တန်းကျောင်းခွဲမှ အဋ္ဌမတန်းကျောင်းသူ မနန်းထက်ထက်မိုးတို့က ရရှိကြသည်။

ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်အဆင့် ကဗျာပြိုင်ပွဲကို **'ဆရာကောင်းတပည့် ပန်းကောင်းပန်'** ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တတိယနှစ်(ပညာရေးဘွဲ့)သင်တန်းသား မောင်ရန်နိုင်စိုး၊ ဒုတိယဆုကို ဘားအံပညာရေးကောလိပ် ဒုတိယနှစ်(သိပ္ပံ)သင်တန်းသူ မမြတ်ဆုမွန်နှင့် တတိယဆုကို မကွေးပညာရေးကောလိပ် လုပ်ခွင်ကြို ဆရာအတတ်ပညာ ကျွမ်းကျင်မှုဒီပလိုမာသင်တန်းမှ သင်တန်းသား မောင်ကိုကိုလွင်တို့က ရရှိကြသည်။

ဆုရရှိသူများသည် ၂၀၀၈ခုနှစ် အောက်တိုဘာ ၁ ရက် (ဗုဒ္ဓဟူးနေ့) ညနေ နောက်ဆုံးထား၍ နေပြည်တော် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာကျော်ဝင်းစိုး ဖုန်း ၀၆၇-၄၂၀၁၃၈ ထံ လူကိုယ်တိုင် မပျက်မကွက် သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် တာချီလိတ်ခရိုင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး





ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် တာလေမြို့ ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်၉နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး အားကစားပစ္စည်းများနှင့် ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများကို ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တာလေမြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသော ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံအတွက် ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများကို ဆေးရုံအုပ်ဒေါက်တာဉာဏ်မြင့်ထံ ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တာလေမြို့ အောင်ဇေယျခန်းမ၌ တာလေတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး တပ်နယ်အတွက် အားကစားပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး ဒေသအတွက် အားကစားပစ္စည်းများ၊ ကျောင်းသုံး ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တာချီလိတ်မြို့ရှိ တာချီလိတ်အမှတ်(၃)သစ်ဆိပ် လွှယ်စတုန်းသစ်ထုတ်လုပ်ရေးကွင်းအတွင်း သစ်များစုပုံထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာချီလိတ်မြို့ တပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၉-၂၀၀၈ (တနင်္ဂနွေနေ့)

| AM & PM | |
|---|---|
| ၇း၀၀-၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅-၁း၀၅ | ''ဥပုသ်သည်ငါးဦး'' တရားတော်(အပိုင်း-၂) (ဆရာတော်အရှင်ပုညာနန္ဒ) |
| ၈း၀၅-၂း၀၅ | Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)] |
| ၈း၅၅-၂း၅၅ | Soccer Update |
| ၉း၁၀-၃း၁၀ | ကျော်သွားမှာလား---ဖော်စားမှာလား [ခန့်စည်သူ၊ ဦးစောနိုင်(ရှမ်းပြည်)၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ မယ်လိုဒီ၊ ဟေမာန်အောင်အောင်] (ဒါရိုက်တာ- အကယ်ဒမီမလိခ စိုးထိုက်အောင်) |
| ၉း၁၅-၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅-၃း၂၅ | ဆန့်ကျင်ကာကွယ် ဆေးလိပ်အန္တရာယ် [ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)] |
| ၉း၅၅-၃း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၀-၄း၀၀ | Euro Goals |
| ၁၀း၂၀-၄း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅-၄း၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၃၀-၄း၃၀ | သစ်ရွက်ဆွေးသဘာဝမြေဩဇာ ပြုလုပ်သုံးစွဲပါ (ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ - ဖုန်းမြင့်အောင်) |
| ၁၀း၄၀-၄း၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၅၀-၄း၅၀ | မြိတ်မြို့မိသားစုဝင်များ၏ မြန်မာပြည်အနှံ့ ဘုရားဖူးနှင့် လေ့လာရေးခရီးစဉ် (အပိုင်း - ၂) |
| ၁၁း၂၅-၅း၂၅ | တေးဂီတအစီအစဉ် |
| ၁၁း၃၀-၅း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၅-၅း၃၅ | International Video Topics (အဆိပ်ပြင်းခလောက်မြွေများ) |
| ၁၂း၀၀-၆း၀၀ | ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ခင်မောင်လွင်) |
| ၁၂း၂၀-၆း၂၀ | ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ |
| ၁၂း၄၀-၆း၄၀ | ဟူးကောင်းကျားများတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့ |
| ၁၂း၅၅-၆း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ -၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

**English Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆း၅၅ | Portsmouth - Tottenham | ESPN(Live) |
| ၉း၂၅ | Wigan - Man City | ESPN(Live) |

❁ **ကမ္ဘာ့အမြန်ဆုံးမှ**

နည်းပညာကို အသုံးပြုနိုင်ရန် ဖြစ်သည်။ ပြင်ပလောကတွင် အမှန်တကယ် ချူကလီးယားစမ်းသပ်ဖောက်ခွဲမှုပြုလုပ်စရာမလိုဘဲ ပုံသဏ္ဌာန်တူ စမ်းသပ်ဖောက်ခွဲမှုကို စူပါကွန်ပျူတာဖြင့် ပြုလုပ်ရန်ဖြစ်သည်။

ဆော်ဒီအာရေဗျတက္ကသိုလ်နှင့် အိုင်ဘီအမ်ကုမ္ပဏီတို့၏ စူပါကွန်ပျူတာကို ရှာဟင်း (Shaheen) ဟု အမည်ပေးမည်ဖြစ်သည်။

**မှတ်တမ်းတင်ခံရမည်**

စူပါကွန်ပျူတာ ထုတ်လုပ်နိုင်ခြင်းဖြင့် သိပ္ပံရေးရာ သုတေသနလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နိုင်မည်ဟု မျှော်မှန်းသည်။ 'ရှာဟင်း' စူပါကွန်ပျူတာသည် တစ်စက္ကန့်လျှင် တွက်ချက်မှုပေါင်း ၂၂၂ ထရီလီယံရှိမည်ဖြစ်ရာ အရှေ့အလယ်ပိုင်းဒေသတွင်သာမက ဥရောပဒေသတွင်းပါ အမြန်ဆုံးကွန်ပျူတာအဖြစ် မှတ်တမ်းတင်ခံရမည် ဖြစ်သည်။

***အင်တာနက်။***



**အိုင်ဘီအမ်ကုမ္ပဏီက တည်ဆောက်ခဲ့သော စူပါကွန်ပျူတာတစ်လုံးကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ကြံခင်းမြို့နယ်အသင်း (ရန်ကုန်) ဝါကျွတ်ပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ

**ရန်ကုန် စက်တင်ဘာ ၂၇**

ကြံခင်းမြို့နယ်၌ နှစ်စဉ်ကျင်းပသော ဝါကျွတ်ပွဲတော်သို့ ရန်ကုန်မြို့ရောက် ကြံခင်းသူ၊ ကြံခင်းသားများနှင့် အသင်းဝင်များ စုပေါင်း၍ အောက်တိုဘာ ၁၂ ရက် (တနင်္ဂနွေနေ့)တွင် ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းကြမည်ဖြစ်ကြောင်း သိရှိရသည်။

ဝါကျွတ်ပွဲတော် ကြံခင်းအထကမှ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သား၊သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် မြို့ပေါ်ရှိ အလကကျောင်းသို့ Multi Media ပစ္စည်းများကိုပါလှူဒါန်းကြမည်ဖြစ်သည်။

အလှူငွေထည့်ဝင်လိုသူများနှင့် လိုက်ပါလိုသူများသည် အောက်တိုဘာ ၂ ရက် နောက်ဆုံးထား၍ ဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း) (ဥက္ကဋ္ဌ) ဖုန်း-၀၁-၆၃၆၇၈၀၊ ဦးစိန်ငွေး (အတွင်းရေးမှူး) ဖုန်း-၀၁-၆၆၃၄၈၉၊ ဒေါ်တင်တင်ထွေး (ဘဏ္ဍာရေးမှူး) ဖုန်း-၀၁-၅၄၁၀၆၅၊ ဒေါ်အေးအေးညွန့် (အလုပ်အမှုဆောင်အဖွဲ့ဝင်) ဖုန်း-၀၁-၆၅၁၂၄၇ နှင့် ဒေါက်တာကျော်စိုးလင်း (အလုပ်အမှုဆောင်အဖွဲ့ဝင်) ဖုန်း-၀၉-၅၁၉-၅၈၁၅ တို့သို့ ဆက်သွယ်အကြောင်းကြားရမည်ဖြစ်ပြီး ကြံခင်းမြို့သို့ ထွက်ခွာရန် အောက်တိုဘာ ၁၂ရက်၊ ညနေ ၆ နာရီတွင် အောင်မင်္ဂလာ အဝေးပြေး ယာဉ်ရပ်နားစခန်း၊ ရိုးမကားဂိတ်မှ မော်တော်ယာဉ်များ ထွက်ခွာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

## လေဘေးကယ်ဆယ်ရေးဆွေးနွေးပွဲ ရက်ပြောင်းရွှေ့

**ရန်ကုန် စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)မှ ဆောင်ရွက်ခဲ့သော လေဘေးကယ်ဆယ်ရေးအစီအစဉ်များကို ကဏ္ဍအသီးသီးမှ တင်ပြဆွေးနွေးသည့် Post Nargis Seminar ကျင်းပမည့်ရက်ကို ၂၀၀၈ခုနှစ် စက်တင်ဘာ ၂၇ရက်(စနေနေ့)အစား အောက်တိုဘာ၁၂ရက်(တနင်္ဂနွေနေ့)မွန်းလွဲ၁နာရီတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ရက်ပြောင်းရွှေ့ကျင်းပမည်ဖြစ်ကြောင်း ထပ်မံသတင်းရရှိသည်။ (သတင်းစဉ်)

## The Live News ဂျာနယ် အမှတ်(၉၉)ထုတ်ဝေဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၂၇**

ယခုတစ်ပတ်ထုတ် The Live News ဂျာနယ် အမှတ်(၉၉)တွင် မြင်းမူမောင်နိုင်မိုး၏ ကောင်းမှု၊ ရေသဖန်းသီးမှည့်နှင့် သူယုတ်မာ၊ ပညာရှိသူတော်ကောင်း(၁)၊ နီမင်းဆွေ၏ တက်နိုင်ဖျားရောက်၊ ကိုကိုလှိုင်၏ မရေရာမှုများနှင့် မလေးရှားနိုင်ငံရေးကျားကွက်၊ ဦးကို၏ လမ်းပေါ်က အတွေးများ (၂၀)၊ မျက်ကွယ်စည်းကမ်းဖောက်သူများ၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေချယ်ရီမြေ(၂)၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက နိုင်ငံခြားအမည်ရခဲ့တဲ့လမ်း၊ ရပ်ကွက်၊အစုနဲ့ ဘာသာရေးအဆောက်အအုံများ(၇)၊ နီငြိမ်း(အညာတက္ကသိုလ်)၏ တရုတ်ပြည်သစ်၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ အပိုင်း(၇)၊ အာရှမိုး၏ ကံကောင်းခြင်းလား၊ ကံဆိုးခြင်းလား အသက်ကြီးလေစီးပွားပိုရှာရလေဖြစ်လာတဲ့ အနောက်နိုင်ငံသား သက်ကြီးရွယ်အိုများ၊ ထိုင်းနိုင်ငံတွင် ဝန်ကြီးချုပ်အသစ် စတင်တာဝန်ယူ၊ ပါကစ္စတန်၏ အချုပ်အခြာအာဏာကို အမေရိကန်ကလေးစားပါသည် ဆိုသော်လည်း၊ အာဖဂန်စစ်ပွဲဆိုင်ရာ မဟာဗျူဟာကို ပြန်လည်သုံးသပ်မည့် အမေရိကန်၊ ဆရာကြီးနေရာ တစ်ကျော့ပြန်ရောက်လာတဲ့ အလီဇာဒါရီနဲ့ ပါကစ္စတန်နိုင်ငံရေးအနာဂတ်၊ အနုပညာအလုပ်ဟာ Entertainment မပါဘဲ ဘယ်လိုမှ အောင်မြင်မှုမရနိုင်ဘူးဆိုတဲ့ နှလုံးလမ်းကြောင်းမှာ ကျွန်းခံနေသူ မိုးမိုးနဲ့တွေ့ဆုံခြင်း၊ တက္ကစီမင်းနှင့်တစ္ဆေမင်း၊ မျက်ဝန်းရိပ်အပိုင်း(၁၃၊၁၄)၊ ပင်လယ်ပျော်မင်းသားအပိုင်း(၃၃၊၃၄)၊ ရွှေမင်းသားလေးချစ်ပုံပြင် ဇာတ်သိမ်းပိုင်း စသည့် သတင်း၊ဆောင်းပါး၊အားကစား၊အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live Newsဂျာနယ် ကို အပတ်စဉ်(စနေနေ့တိုင်း)ဖတ်ရှုသူ အိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ငွေကျပ် ၅၈၅၀၊ ခြောက်လ ၂၆စောင် ငွေကျပ် ၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ်(၃၁၀) အခန်း(၀၀၄) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် Market Care (Distribution Service) အမှတ်(၅၅) ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊၀၉-၅၀၀၈၀၄၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်းသိရသည် (သတင်းစဉ်)

## မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း စာတမ်းဖတ်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၏ ကျွန်းစိုက်ခင်းထူထောင်ခြင်း၊ Timber Certification နှင့် သစ်အခြေခံ စက်မှုလုပ်ငန်းဆိုင်ရာ စာတမ်းဖတ်ပွဲကို အောက်တိုဘာ ၄ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ (IBC)၌ ကျင်းပမည်ဖြစ်ရာ သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ် အမှုဆောင်များက စာတမ်းများကို ဖတ်ကြားတင်သွင်းကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**✻ ကျောဖုံးမှ**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့ - အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ နေပြည်တော် ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် သမားတော်ကြီး

ဆက်လက်၍ ဝန်ကြီးများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် TZTM ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးသက်လင်းက TZTM ဆောက်လုပ်ရေးကုမ္ပဏီမှ လှူဒါန်းသည့်ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ရုပ်မြင်သံကြားစက်များ၊ ရေသန့်စက်များနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ပေးအပ်ရာ ကျန်းမာရေးသည် ပြည်သူများ၏ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်စေရန် တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ရှိ ခုတင်(၃၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးကို ၂၀၀၂ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် စတင်တည်ဆောက်ခဲ့သည်။ ၂၀၀၄ ခုနှစ် မတ် ၂၄ ရက်တွင် အထူးကုဌာန ၁၂ခုဖြင့် ဖွင့်လှစ်ခဲ့ပြီး ဒေသခံပြည်သူများအား ကျွမ်းကျင်သော အထူးကုဆရာဝန်ကြီးများက ပြင်ပလူနာ ထမ်း ၉၇ဦး၊ အမှုထမ်း ၁၂၄၄ဦး စုစုပေါင်း ခွင့်ပြုဝန်ထမ်းအင်အား ၁၅၄၁ ဦးဖြင့် ၂၀၀၈ ခုနှစ် မတ် ၁၇ ရက်တွင် စတင်ဖွဲ့စည်း အဆင့်မြှင့်တင်ခဲ့သည်။ ယခင် ခုတင်(၃၀၀)ဆံ့ ဆေးရုံကြီး၏ မူလရှိပြီး အထူးကု ဌာန ၁၂ ခုအပြင် ယခုအခါ ထပ်မံတိုးချဲ့သော အထူးကုဌာန ၁၀ ခုကို စတင်ဖွင့်လှစ် နိုင်ခဲ့ပြီဖြစ်သည်။အထူးကုဌာနများအတွက် နိုင်ငံတော်အစိုးရမှ ပံ့ပိုးသော အထူး လေ့ကျင့်ပြုစု ပျိုးထောင်ထားသော အဆင့်မြင့်ပညာရှင် ဆရာဝန်ကြီးများဖြစ်သည့် ကျန်းမာရေးလုပ်သားလူ့စွမ်းအား အရင်းအမြစ်များကို ထပ်မံဖြည့်ဆည်းပေးခြင်းနှင့် နိုင်ငံတော်မှ ပံ့ပိုးပေးသော ဆေးရုံသုံး အဆင့်မြင့် ကုသခွဲစိတ်မှုဆိုင်ရာ စက်ပစ္စည်းကိရိယာများကို ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မိမိနိုင်ငံအတွင်း ဆေးရုံကြီးများတွင် အဆင့်အတန်း အရည်အသွေးမီ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ပေါ်ထွန်းလာရေး၊ နိုင်ငံတကာ အမီ အခိုကင်းရေး ရည်မှန်းချက်ဖြစ်သော နိုင်ငံတကာအဆင့်မီ ဆေးရုံကြီးများ နှစ်နှစ်အတွင်း ပေါ်ထွန်းလာအောင် စတင်ဆောင်ရွက်ခြင်းဖြစ်သည်။

ယခုဖွင့်လှစ်လိုက်သည့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)ရှိ အထူးကုဌာနများတွင် စတင် တာဝန်ထမ်းဆောင်ကြမည့် တွဲဖက်ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများအတွက် ကျန်းမာရေးဝန်ကြီးဌာနက နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းပြီး ၂၄ နာရီ တာဝန်ထမ်းဆောင်သော ဝန်ထမ်းများကို ဆေးရုံဝင်းအတွင်း အဆင့်မြင့် ဝန်ထမ်းအိမ်ရာများတွင်လည်းကောင်း၊ အချိန်ပိုင်း တာဝန်ထမ်းဆောင်သော ဝန်ထမ်းများကို ဆေးရုံဝင်း ပြင်ပရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာများတွင်လည်းကောင်း စနစ်တကျ နေရာချထား ဆောင်ရွက်ပေးပြီးဖြစ်သည်။

ဤနေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)ကို ကျန်းမာရေးဝန်ကြီးဌာနက ရန်ကုန်နှင့် မန္တလေးရှိ ဗဟိုအဆင့်ဆေးရုံကြီးများနှင့် အဆင့်တူဖြစ်စေရန် လူအင်အား၊ ပစ္စည်းအင်အားများကို ဖြည့်ဆည်းပေးပြီးဖြစ်ရာ မကြာမီကာလအတွင်း ဒေသခံပြည်သူများအနေဖြင့် အရည်အသွေးပြည့်ဝသော နိုင်ငံတကာအဆင့်မီ ဆေးကုသမှုများကို စိတ်ချမ်းမြေ့စွာ ခံယူနိုင်ကြတော့မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)





**နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဝန်ကြီးများ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) အတွင်း အသစ်ထပ်မံဖွင့်လှစ်သည့် အထူးကုသမှုဌာနများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

များ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများနှင့် သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်မြေတာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွှန့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က အထူးကုသမှုဌာနများ ဖွင့်ပွဲအထိမ်းအမှတ် မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အထူးကုသမှုဌာနများ ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ်(ကုသရေး) ဒေါက်တာဝင်းမြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) အတွင်း အသစ်ထပ်မံ ဖွင့်လှစ်သည့် အထူးကုသမှုဌာနများဖြစ်ကြသော နှလုံးသွေးကြော ရောဂါစမ်းသပ်ခန်း၊ နှလုံးသွေးကြော ပိုက်ထည့်စမ်းသပ်ခန်း၊ လေ့ကျင့်ခန်းဖြင့် နှလုံးစမ်းသပ်ခန်း၊ အသံလွှန်လှိုင်းဖြင့် နှလုံးစမ်းသပ်ခန်း၊ အထူးကြပ်မတ်ကုသခန်း၊ အဆင့်မြင့်ခွဲစိတ်ခန်းများ၊ ရင်ခေါင်းခွဲစိတ်ဌာန၊ ရင်ခေါင်းဆေးကုဌာန၊ နှလုံးခွဲစိတ်ဌာန၊ နှလုံးဆေးကုဌာန၊ ဆီးနှင့် ကျောက်ကပ် ခွဲစိတ်ဌာနနှင့် ဆေးကုဌာန၊ အစာအိမ်နှင့် အူလမ်းကြောင်း ကုသဌာနနှင့် အသည်းရောဂါကု ဌာနတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးအားပေးကြသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ကျန်းမာရေးဝန်ကြီးဌာန ကုသခြင်းနှင့် အတွင်းလူနာကုသခြင်း လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက် စောင့်ရှောက်ပေးခဲ့သည်။ယနေ့အထိ ပြင်ပလူနာပေါင်း ၁၀၄၃၅၂ ဦး၊ အတွင်းလူနာပေါင်း ၂၀၅၁၁ ဦးနှင့် ခွဲစိတ်ကုသ လူနာပေါင်း ၅၀၂၂ ဦးတို့အား ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှု ပေးခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲက ၂၀၀၆ ခုနှစ် မတ် ၁၈ရက်တွင် ခုတင် (၃၀၀) အထွေထွေရောဂါကုဆေးရုံကြီး နေပြည်တော်သို့ လာရောက်စစ်ဆေးကြည့်ရှုစဉ် အထူးကုဌာနများ တိုးချဲ့ဖွင့်လှစ်ရန် လမ်းညွှန်မှုအရ အထူးကုဌာနများကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၅ရက်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းနောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၂ရက်တွင် လာရောက်စစ်ဆေးစဉ် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီးအဖြစ် ဖွဲ့စည်းပုံ တိုးမြှင့်ဆောင်ရွက်ရန် ထပ်မံလမ်းညွှန်ခဲ့သည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သဘောတူညီခွင့်ပြုချက်အရ ခုတင်(၃၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး နေပြည်တော်ကို ကျန်းမာရေးဝန်ကြီးဌာနသည် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)အဖြစ် အရာ ရန်ပုံငွေဖြင့် အဆင့်မြင့် ဆေးရုံသုံး ပစ္စည်းကိရိယာ အမျိုးပေါင်း ၁၅၂ မျိုးကို နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ သန်းဖြင့် ဝယ်ယူ ဖြည့်ဆည်းထားပြီးဖြစ်သည်။

တိုးချဲ့သည့် အထူးကုဌာနများမှာ နှလုံးဆေးကုဌာန၊ နှလုံးခွဲစိတ်ကုဌာန၊ ရင်ခေါင်းဆေးကုဌာန၊ ရင်ခေါင်း ခွဲစိတ်ကုဌာန၊ ကျောက်ကပ်ဆေးကုဌာန၊ ကျောက်ကပ်ခွဲစိတ်ကုဌာန၊ ဦးနှောက်နှင့် အာရုံကြောဆေးကုဌာန၊ ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ကုဌာန၊ အစာအိမ်နှင့် အူလမ်းကြောင်း ဆေးကုဌာနနှင့် အသည်းရောဂါ အထူးကုဌာနတို့ဖြစ်သည်။

အထူးကုဌာနများအပြင် နှလုံးသွေးကြောရောဂါ စမ်းသပ်ကုသဌာန၊ အဆင့်မြင့်ခွဲစိတ်ခန်း လေးခန်းပါ ခွဲစိတ်ခန်းမနှင့် ခုတင်ရှစ်လုံးပါ အလိုအလျောက် ဗဟိုထိန်းချုပ်စနစ်ပါသော အဆင့်မြင့်အထူးကြပ်မတ်ကုသဌာနများကိုလည်း တစ်ပြိုင်တည်းဖွင့်လှစ်နိုင်ပြီဖြစ်သည်။

ယနေ့ စတင်ဖွင့်လှစ်ဆောင်ရွက်သည့် နှလုံးသွေးကြောရောဂါ စမ်းသပ်ကုသဌာန၊ နှလုံးရောဂါ အထူးကြပ်မတ် ကုသဌာနနှင့် အထူးကုဌာန ၁၀ ခုအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့်



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) အထူးကုသမှုဌာနများ ဖွင့်ပွဲအထိမ်းအမှတ် မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၃၈)ဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၂၇**

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၄)၊ အမှတ် (၃၈)၌ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ ပေါက်ကွဲမှု တစ်ခုဖြစ်ပွားခဲ့၊ ရန်ကုန်ရှိ အငှားယာဉ်များ လိုင်စင်သက်တမ်းတိုးရန် ကြိုတင်ရက်ချိန်းယူနိုင်၊ အင်းလေးကန် မိုင်နှစ်ဆယ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ဆောင်မည်၊ မုန်တိုင်းသင့် ပြည်သူများအတွက် ကန်ဒေါ်လာ ၂၁သန်း ဂျပန်အစိုးရ ထပ်မံကူညီမည်၊ ကားလမ်းပြုပြင်နေသဖြင့် ရန်ကုန်-ဟသ်္သာတခရီးစဉ် ယခင်ထက် ပိုမိုကြာမြင့်၊ အိမ်ခြံမြေအငှားဈေးနှုန်းမြင့်တက်လာနိုင်၊ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်း ဒေသကြီးငါးခုတွင် ဆောင်ရွက်၊ ပါရမီလက်အောက်ရှိ ယာဉ်လိုင်းများ အရေးယူရာတွင် ဒဏ်ကြေးအပြင် အလုပ်မှ ရပ်စဲသည်အထိ ပြစ်ဒဏ်ချမှတ်ထား စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ 'တစ်ပတ်ထဲမှာ ပြောစရာ (Quotes of the Week)'ကဏ္ဍ၊ 'စင်ကာပူဗီဇာနှင့် ဂျပန်ဗီဇာ' လျှောက်ရာတွင် ဒါတွေသိစေချင်၊ သစ်တစ်ပင်ကောင်းလျှင်. . .၊သမိုင်းကို ဖြောင့်ချက်ပေးခြင်း (သို့) အတ္ထုပ္ပတ္တိ စာရေးခြင်း. . . လူမှုဘဝအတွေးအမြင်သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'ကျွန်မတို့က တိုင်းပြည်ကို ပြုပြင်ပြောင်းလဲရေးလုပ်မှာဖြစ်တယ်' ရီပတ်ဘလီကင် ဒုတိယသမ္မတလောင်း ဆာရာပလင်းနှင့် ABC News တို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူး ဆောင်းပါးနှင့်အတူ ငွေကြေးလုပ်ငန်းတွေ ဖရိုဖရဲ ဖြစ်သွားကြရတာ ဘာကြောင့်လဲ၊ ဆုနာမီဖြစ်လျှင် စင်ကာပူ ပြေးမလွတ်၊ တရုတ်အောင်မြင်မှုကို ဘရာဇီးလ်ချီးကျူး၊ ရေအောက်ပိုက်လိုင်းမှတစ်ဆင့် ရုရှားမှ အက်စတိုးနီးယားသို့ ဗော့ကာအရက်များ တရားမဝင်ခိုးသွင်း စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်း သတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး ကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

**■ ကမ္ဘာ့အသေးငယ်ဆုံးမှ**

ရက်ဒ်ဒီးယားမြို့အနီးတွင် ရှာဖွေတွေ့ရှိရသည့် အရိုးစုများကို လေ့လာခဲ့ပြီးနောက် ဇီဝသိပ္ပံသုတေသီ နစ်လောင်းဂရစ်ချ်က ယင်းသို့ပြောကြားခြင်းဖြစ်သည်။

ယခုတွေ့ရှိရသည့် ဒိုင်နိုဆောမှာ ကြက်သားပေါက်၏ အရွယ်အစားတမျှ အလွန်သေးငယ်လှကြောင်း၊ မြောက်အမေရိကတိုက်တွင် တွေ့ရှိရသမျှ ဒိုင်နိုဆော ရုပ်ကြွင်းများအနက် အသေးငယ်ဆုံးပင်ဖြစ်ကြောင်း လောင်းဂရစ်ချ်က ပြောကြားသည်။

ကြက်သားပေါက်အရွယ် ဒိုင်နိုဆောလေးမှာ ခြေထောက်နှစ်ချောင်းအသုံးပြုကာ ပြေးလွှားနိုင်ပြီး ရှေးဟောင်းသစ်တောအပင်အိုများတွင် မှီတင်းနေထိုင်သော ခြသတ္တဝါများကို စားသုံးသည်ဟု ယူဆရကြောင်း ၎င်းကပြောကြားသည်။

သွယ်သွယ်လျလျခြေချောင်းများ၊ တုတ်တုတ်ခိုင်ခိုင် လက်မောင်းများပါရှိသော ယင်းဒိုင်နိုဆော၏ ခြေသည်း၊ လက်သည်းများမှာ ကြီးမားပြီး ခိုင်မာသည့် မေးရိုးပါရှိသည်။ ၎င်းနှင့် ဆင်ဆင်တူသော ဒိုင်နိုဆော မျိုးစိတ်သစ်ကို တောင်အမေရိကတိုက်နှင့် အာရှတိုက်တို့တွင်လည်း အနည်းအကျဉ်းတွေ့ရှိခဲ့ရဖူးကြောင်း အဆိုပါသုတေသီက ပြောကြားသည်။

မီဆိုဇိုးယစ်ဘူမိခေတ် (Mesozoic Era)၏ တွားသွားသတ္တဝါတစ်မျိုးမှာ ဒိုင်နိုဆောဖြစ်ပြီး ယင်းခေတ်တွင် အမြဲစိမ်းသစ်ပင်များလည်း ပေါ်ထွန်းခဲ့သည်။ ဒိုင်နိုဆောရုပ်ကြွင်းများကို ကမ္ဘာတစ်ဝန်းတွင် ရှာဖွေတွေ့ရှိခဲ့ရသည့်အနက် အကြီးဆုံးသော ဒိုင်နိုဆော၏အလျားမှာ ပေ ၉၀ ခန့်ရှိသည်။ ဒိုင်နိုဆောသတ္တဝါသည် ကိုယ်ခန္ဓာအရွယ်အစား အလွန်ကြီးမားလှသည့်တိုင်အောင် ယင်းသတ္တဝါ၏ ဦးနှောက်မှာ လွန်စွာသေးငယ်လှသည်။

ကမ္ဘာပေါ်တွင် ဂျူရာဆစ်ယုဂ် ( Jurassic Period)၌ ဒိုင်နိုဆောသတ္တဝါများ အဓိက နေထိုင်ကျက်စားခဲ့သည်။ ခရီတေးရှပ်ယုဂ် (Cretaceous Period)တွင် ရာသီဥတုနှင့် ဘူမိဗေဒဆိုင်ရာ အပြောင်းအလဲများကြောင့် ဒိုင်နိုဆောတို့ မျိုးသုဉ်းသွားခဲ့ရသည်။

***အင်တာနက်။***

**မူးယစ်ကင်းစင် အလှဆင်**

# ရောဂါကြီးသုံးမျိုးတိုက်ဖျက်ရေး ရန်ပုံငွေလျာထားရေးဆွေးနွေး

**နေပြည်တော်  စက်တင်ဘာ ၂၇**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား 3.D Fund Board ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ယူနိုက်တက်ကင်းဒမ်းနိုင်ငံ သံအမတ်ကြီး Mr. Mark Canning နှင့် အဖွဲ့သည် ယမန်နေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး ရောဂါကြီးသုံးမျိုးကို တိုက်ဖျက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ရှိရသည့်အခက်အခဲများကို ရှင်းလင်းဆွေးနွေးကြ၍ အမျိုးသားစီမံချက် မန်နေဂျာများကလည်း စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးကြသည်။ ဒုတိယနှစ်တွင် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး 3.D Fund Board အဖွဲ့အနေဖြင့်လည်း တတိယနှစ် ရန်ပုံငွေလျာထားရေးအတွက် စတင်ဆောင်ရွက်နေသည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်နှင့် ညွှန်ကြားရေးမှူးများ၊ ရောဂါကြီးသုံးမျိုးတိုက်ဖျက်ရေးစီမံချက်များမှ စီမံချက်မန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား 3.D Fund Board ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ယူနိုက်တက်ကင်းဒမ်းနိုင်ငံ သံအမတ်ကြီး Mr. Mark Canning နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# နိုင်ငံတကာပေးစာရေးပြိုင်ပွဲ ပြည်တွင်းအဆင့် ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၂၇**

ကမ္ဘာ့စာပို့တိုက်နေ့ (World Post Day)အထိမ်းအမှတ်အဖြစ် အသက်(၁၅)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို ကုလသမဂ္ဂပညာ၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO)နှင့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (UPU)တို့၏ အစီအစဉ်ဖြင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနတို့က နှစ်စဉ်ပူးပေါင်းညှိနှိုင်း ကျင်းပလာခဲ့ရာ ၂၀၀၈ခုနှစ် (၃၇)ကြိမ်မြောက် ပေးစာရေးပြိုင်ပွဲကို "Write a latter to someone to tell them why the world need tolerance" ခေါင်းစဉ်ဖြင့် ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် မြို့နယ်များအလိုက် အခြေခံပညာကျောင်းများ၌ ပြည်တွင်းအဆင့် မြန်မာနှင့်အင်္ဂလိပ် နှစ်ဘာသာအနက် နှစ်သက်ရာဘာသာဖြင့် ပါဝင်ရေးသားယှဉ်ပြိုင်စေခဲ့သည်။

ပြည်တွင်းအဆင့် ပထမဆုကို အထက(၄)စစ်တွေ နဝမတန်းမှ မမြစန္ဒီကျော်၊ ဒုတိယဆုကို အထက(၂)သထုံ အဌမတန်းမှ မငွေဇင်ဝင်း၊ တတိယဆုကို အထကသိန်းနီ သတ္တမတန်းမှ မနွယ်နီလှိုင်တို့ ဆွတ်ခူးရရှိကြပြီး နှစ်သိမ့်ဆုသုံးဆုကို အထက(၂)ဘားအံ အဌမတန်းမှ မနန်းငြိမ်းငြိမ်းစိုး၊ အထက(၃)ပဲခူး သတ္တမတန်းမှ မရတနာဆုရှင်နှင့် အလက နှစ်ကိုင်းသံဖြူဇရပ် အဌမတန်းမှ မခါမီလင်း၊ အထူးဆုသုံးဆုကို အထက(၁)မိုးကောင်း အဌမတန်းမှ မောင်သီဟကျော်၊ အထက(၁)လားရှိုး နဝမတန်းမှ မယုယုခိုင်နှင့် အထက(၂) လှိုင်ကော် အဌမတန်းမှ မဇင်မဥ္ဇူတို့က ဆွတ်ခူးရရှိကြသည်။ နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)ပထမဆုရှင် မမြစန္ဒီကျော်၏ ဆုရစာမူကို နိုင်ငံတကာအဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ဆွစ်ဇာလန်နိုင်ငံရှိ ကမ္ဘာ့စာပို့တိုက်သမဂ္ဂဌာနချုပ်သို့ ဆက်လက်ပေးပို့ထားသည်။ ပြည်တွင်းအဆင့် ဆုရရှိသူများကို ၂၀၀၈ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ကျင်းပမည့် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အခမ်းအနား၌ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုရရှိသူများသည် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန စာပို့တိုက်ဌာနခွဲ ရုံးအမှတ်(၂) အထူးဖွံ့ဖြိုးရေးဇုန် နေပြည်တော်သို့ ကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၇၂၂၈ နှင့် ၀၆၇-၄၀၇၂၅၁တို့သို့ ဖြစ်စေ သတင်းပို့ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၈-၉-၂၀၀၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၀ ၄။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -မိန်းမပျိုလေးနှင့် သူမ၏ကိုယ်ရံတော်
- ၁၃း၅၀ ၅။ အမျိုးသားရေး တေးကဗျာ
- ၁၃း၅၅ ၆။ အပိတ်နှုတ်ဆက်စကား
- ၁၄း၀၀ ၇။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၂၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
- ၄း၃၀ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၄း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၀၀ ၈။ သံစဉ်များနဲ့ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၃၅ ၁၂။ ကမ္ဘာ့အံ့ဖွယ် မျက်လှည့်ပညာရှင်များ
- ၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - သံယောဇဉ်နှောင်ကြိုး (အပိုင်း-၁၀)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ပဟေဠိနန်းတော်
- ၂၀။ ကျန်းမာသုတ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ဂုဏ်ပြု ဇာတ်လမ်း - ရေဆုံးမြေဆုံး
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

# ကြေးမုံ The Mirror ပြည်သူ့ထံမှ ပေးစာများ

## လောင်းကစားမှုများ တားဆီးပေးပါ

**စာတည်းရှင့်-**

ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်(၈)ရပ်ကွက် သုခမြိုင်(၃)လမ်းတွင် မုန့်ဟင်းခါးဆိုင်အရောင်းပြပြီး နှစ်လုံး၊ သုံးလုံး လောင်းကစားဘောက်ချာ ဖွင့်၍ ပြောင်ပြောင်တင်းတင်း ရောင်းချနေပါသည်။ တစ်အိမ်တက်ဆင်းရောင်းချခြင်းလည်း လုပ်ဆောင်နေပါသည်။ အဆိုပါ လောင်းကစားမှုကြောင့် စီးပွားဥစ္စာပျက်၊ လူမှုရေးအကျင့် ပျက်စီးသွားရသူ များစွာရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ နှစ်လုံး၊ သုံးလုံး လောင်းကစားဒိုင်လုပ်၍ ရောင်းချနေသူများအား တားဆီးအရေးယူပေးပါရန် တင်ပြအပ်ပါသည်။

**အိမ်ရှင်မတစ်ဦး**

## စင်တင်တေးဂီတ ဆူညံသံ ကြပ်မတ်ပေးစေလို

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)(၃၆)ရပ်ကွက် ပင်လုံလမ်းမ နံဘေးတွင်စားသောက်ဆိုင်ဖွင့်လှစ်ထားရာ လူဝင်လူထွက်များပြီး အဆိုပါဆိုင်မှ စင်တင်တေးဂီတ သီချင်းဆိုသံများ ညဉ့်နက်ပိုင်းအထိ ဆူညံစွာထွက်ပေါ်နေသောကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ ကောင်းစွာအိပ်စက်၍ မရကြပါ။

သို့ဖြစ်ပါ၍ အဆိုပါ စားသောက်ဆိုင်မှ ဆူညံသံကင်းရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ဆူညံသံမခံနိုင်သူ**

## နောက်ဖေးလမ်းကြား အမှိုက်များရှင်းလင်းပေးသင့်

**စာတည်းရှင့်-**

ရန်ကုန်မြို့ တာမွေမြို့နယ် ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက် ယုဇနတိုက်ခန်းများ၏ နောက်ဖေးလမ်းကြားများသို့ အမှိုက်များ စည်းကမ်းမဲ့ စွန့်ပစ်နေမှုကြောင့် ရေဆိုး အမှိုက်သရိုက်များ စုပုံနေပြီး ကြွက်၊ ခြင်၊ ယင်များပေါများပါသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုမရှိပါ။

သို့ဖြစ်ပါ၍ တိုက်ခန်းနောက်ဖေးလမ်းကြားများ သန့်ရှင်းမှု ရှိစေရေး ရှင်းလင်း ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **သန့်ရှင်းစေလိုသူ**

## ညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်

**စာတည်းရှင့်-**

ပဲခူးမြို့ ဟံသာဝတီ(၂)လမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင် တစ်ဆိုင်သည် နံနက် ၄ နာရီခန့်မှစ၍ မုန့်များကြော်လှော်လျက်ရှိရာ ပတ်ဝန်းကျင်နေ သက်ကြီးရွယ်အိုများ နေ့စဉ်ညှော်နံ့ ရှူရှိုက်နေရသောကြောင့် ကျန်းမာရေး ထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ လက်ဖက်ရည်ဆိုင်မှ ညှော်နံ့ကင်းရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ပဲခူးသူ**

## ကျူးကျော်ဈေးမှအနံ့ဆိုး ပတ်ဝန်းကျင်ပျံ့နှံ့

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် စမ်းချောင်းတောင်ရပ်ကွက် မြင့်မိုရ်လမ်းနှင့်ဆီဆုံလမ်းတစ်လျှောက် စာသင်ကျောင်းဘေးပတ်ပတ်လည်တွင် ကျူးကျော်ဈေးရောင်းချလျက်ရှိရာ သားငါးအနံ့ဆိုးများ၊ မြောင်းပုပ်နံ့များကို ရပ်ကွက်နေသူများနှင့် လမ်းသွားလမ်းလာများ နေ့စဉ်ရှူရှိုက်နေရပါသဖြင့် ကျန်းမာရေးထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကျူးကျော်ဈေးအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သားများ**

## အမှိုက်ပုံမှ ဆူညံသူများ တားဆီးပေးပါ

**စာတည်းရှင့်-**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၄)ရပ်ကွက် ရန်ကင်းစာတိုက်မှတ်တိုင်အနီး ရန်ကင်းလမ်းမကြီးပေါ်တွင် အမှိုက်များကို စုပုံထားပြီး အမှိုက်သိမ်းယာဉ်သည် ည ၂ နာရီခန့်တွင် လာရောက်သိမ်းဆည်းပါသည်။ အမှိုက်သိမ်းယာဉ်မရောက်မီ ည ၉ နာရီမှ ည၁၂ နာရီခန့်အတွင်း လူတစ်စုသည် အမှိုက်များမွှေနှောက်ဖွခြင်း၊ ထုရိုက်သံများပြုပြီး ဆူညံခြင်းများ ညစဉ်ပြုလုပ်နေပါသဖြင့် အနီးပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍အမှိုက်ပုံသို့လာရောက်မွှေနှောက် ဆူညံမှုပြုနေသူများအား ကြပ်မတ်တားဆီးပေးပါရန် တင်ပြအပ်ပါသည်။

**ရန်ကင်းသူ**

## ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

## မုန့်လုပ်ငန်းဆူညံ၊ အနံ့အသက်ဆိုးနံ့

**စာတည်းရှင့်-**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်(၁၄/၁)ရပ်ကွက် မြင်သာ(၉)လမ်း၊ လူနေရပ်ကွက်အတွင်းတွင် မုန့်မျိုးစုံလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ မီးခိုးနှင့် မုန့်ညှော်နံ့၊ စွန့်ပစ်ပစ္စည်း၊ ရေဆိုးများ၏ ပုပ်သိုးနံ့၊ ချဉ်နံ့၊ ပိုးသတ်ဆေးနံ့များ ပျံ့လွင့်လျက်ရှိသည့်အပြင် အလုပ်လုပ်ကိုင်သူများ၏ အော်ဟစ်ပြောဆိုဆူညံသံ၊ ပစ္စည်းများ ပစ်ချသံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ မုန့်လုပ်ငန်းကို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့ဆိုးမခံနိုင်သူများ**

## အလေးချိန်ပြည့်ရေး ဆောင်ရွက်ပြီးစီး

၆-၉-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ညောင်ဦးမြို့မဈေးမှ **အသားရေထိုး၊ အလေးချိန်မပြည့်** ပေးစာနှင့် စပ်လျဉ်း၍ သတ်မှတ်စည်းကမ်းပါအတိုင်း အသားရောင်းချသူများ လိုက်နာစေရေး ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်**

# ပရီမီယာလိဂ် ပွဲစဉ်(၆) ယှဉ်ပြိုင်ကစား

## ဖာနန်ဒိုတောရက်စ် ခြေစွမ်းပြပြီး မာဆေးဆိုက်ဒါဘီပွဲမှာ လီဗာပူးတို့အနိုင်ရ

လန်ဒန် စက်တင်ဘာ ၂၇

**ယနေ့ယှဉ်ပြိုင်ကစားခဲ့တဲ့ အဲဗာတန်နဲ့ လီဗာပူးတို့ပွဲဟာ မာဆေးဆိုက်ဒါဘီပွဲဖြစ်တာနဲ့အညီ ပြိုင်ဆိုင်မှု ပြင်းထန်ပြီး ပွဲကောင်းတစ်ပွဲဖြစ်ခဲ့တာကိုတွေ့ရပါတယ်။ အိမ်ရှင်အဲဗာတန်ဟာ ဒီနေ့ပွဲမှာ ယာကူဘူ တစ်ယောက်ထဲကို အထောင်ထားကာ တင်ကာဟေးလ်နဲ့ ဖယ်လိုင်နီတို့ကိုရံပြီး ကစားခဲ့ပါတယ်။ ဧည့်သည် လီဗာပူးတို့ကတော့ ဖာနန်ဒိုတောရက်စ်၊ ရော်ဘီကိန်း၊ ဒရစ်ကောက်၊ ဂျရတ်တို့နဲ့လူစုံသုံးပြီး အဝေးကွင်းမှာ အနိုင်ရရေး ကြိုးစားသွားခဲ့ပါတယ်။**

### ပထမပိုင်းဂိုးမသွင်းနိုင်

ပထမပိုင်းပွဲစတာနဲ့နှစ်သင်းလုံးဟာ အချိတ်အဆက်မိမိနဲ့ တစ်ဖက်ကို တစ်ဖက် ထိုးဖောက်ကစားခဲ့ပါတယ်။ ပွဲချိန် ၂၈မိနစ်မှာ အဲဗာတန်က ဖယ်လိုင်နီဟာ ဂိုးသမားမရှိတဲ့ ဂိုးပေါက်ထဲကို အနီးကပ် အပြင်းကန်သွင်းပေမယ့် လီဗာပူးနောက်ခံလူကာရေဂါနဲ့ထိပြီး ပြန်ထွက်လာတာကြောင့် အိမ်ရှင်တို့ တစ်ဂိုးရခွင့် နစ်နာဆုံးရှုံးခဲ့ရပါတယ်။ ပထမပိုင်းမှာ တစ်သင်းနဲ့တစ်သင်း အပြန်အလှန် ဂိုးသွင်းခွင့်ရရှိရေး ကြိုးစားခဲ့ကြပေမယ့် ဂိုးမသွင်းနိုင်ကြဘဲ ဂိုးမရှိသရေနဲ့ပထမပိုင်းကို အဆုံးသတ်ခဲ့ရပါတယ်။

### တောရက်စ်ခြေစွမ်းပြ

ဒုတိယပိုင်းမှာ လီဗာပူးတို့ကစားအား တင်လာတာကြောင့် အိမ်ရှင်အဲဗာတန်အပေါ် အသာစီးက ကစားလာနိုင်ခဲ့ပါတယ်။ ဒါကြောင့်ပွဲချိန် ၅၈မိနစ်အရောက်မှာ ရော်ဘီကိန်းဘယ်ခြမ်းကနေ ဂိုးရှေ့ အသာမတင်ပေးတဲ့ ဘောလုံးကို ဖာနန်ဒို တောရက်စ်က ညာခြေနဲ့အသာအယာ ပိတ်သွင်းပြီး လီဗာပူးအတွက်အဖွင့်ဂိုးကို စတင်ရယူနိုင်ခဲ့ပါတယ်။ လီဗာပူးတို့ဟာ ဦးဆောင်ဂိုးရပြီးတဲ့နောက်မှာ အဲဗာတန်ဘက်ကိုဆက်တိုက်ဆိုသလို ဖိကစားလာခဲ့ရာ ပွဲချိန် ၆၂မိနစ်မှာ ဖာနန်ဒိုတောရက်စ်ကပဲ ဒုတိယဂိုးကို ထပ်မံသွင်းယူခဲ့ပါတယ်။

### အဲဗာတန်တစ်ယောက်လျော့

လီဗာပူးကို နှစ်ဂိုးပေးလိုက်ရပေမယ့် အိမ်ရှင်အဲဗာတန်တို့ဟာ စိတ်ဓာတ်ကျမသွားဘဲ လူစားလဲမှုတွေ ပြုလုပ်ပြီး ချေပဂိုးပြန်ရရှိရေးအတွက် ကြိုးစားလာတာကို တွေ့ရပါတယ်။ ဒါကြောင့် ပွဲဟာအနည်းငယ်ပြိုင်ဆိုင်မှု ပြင်းထန်လာတာကို တွေ့ရပါတယ်။ ပွဲချိန် ၇၈မိနစ်အရောက်မှာတော့ အဲဗာတန်ကစားသမားတင်ကာဟေးလ် အနီကတ်ပြပြီး အထုတ်ခံခဲ့ရပါတယ်။ နောက်ပိုင်းမှာ အဲဗာတန်က ချေပဂိုး ရရေးကြိုးစားသလို လီဗာပူးတို့ကလဲ ဂိုးထပ်မံရရှိရေးကြိုးစားကြရင်း ပွဲအပြီးမှာ လီဗာပူးက အဲဗာတန်ကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။

ယခုပွဲတွင် အဲဗာတန်မှ ဖယ်လိုင်နီ၊ ယာကူဘူ၊ ဖိလစ်နဗီးလ်တို့ အဝါကတ်ထိခဲ့ပြီး လီဗာပူးတွင် အလွန်ဆို၊ ဖာနန်ဒိုတောရက်စ်နဲ့ အာဘီလိုအာတို့ အဝါကတ် ထိခဲ့ပါတယ်။

### ပါဝင်ကစား

လီဗာပူးအသင်းမှာ ဂိုး-ရေနာ၊ နောက်တန်း-အာဘီလိုအာ၊ စကာတယ်၊ ကာရေဂါ၊ ဒေါ့ဆန်နာ၊ အလယ်တန်း- ဒရစ်ကောက်၊ အလွန်ဆို (လူးကပ်စ်)၊ ဂျရတ်၊ ရီအဲရာ(အော်ရယ်လီယို)၊ ရှေ့တန်း-ဖာနန်ဒိုတောရက်စ်၊ ရော်ဘီကိန်း(ပင်းနန့်) တို့ပါဝင်ကစားသွားခဲ့ပြီး အဲဗာတန်တွင် ဂိုး-ဟောင်းဝပ်၊ နောက်တန်း-ဖိလစ်နဗီးစ်၊ ယိုဘို၊ လက်စ်ကော့၊ ဟတ်ဘာ့ (ဆာဟာ)၊ အလယ်တန်း-ဂျာဂျီရယ်ကာ၊ အာတီတာ၊ အော့စမန်၊ ဘက်ဇ်ဟာ၊ တင်ကာဟေးလ်၊ ရှေ့တန်း-ယာကူဘူနဲ့ဖယ်လိုင်နီတို့ ပါဝင်ကစားသွားခဲ့ပါတယ်။

အခြားပွဲစဉ်ရလဒ်များမှာအောက်ပါအတိုင်းဖြစ်ပါတယ်။

| | |
|---|---|
| **ဗီလာ** | **၂-၁ ဆန်းဒါးလန်း** |
| **ဖူလ်ဟမ်** | **၁-၂ ဝက်စ်ဟမ်း** |
| **မန်ယူ** | **၂-၀ ဘော်လ်တန်** |
| **မစ်ဒယ်ဘရော့** | **၀-၁ ဝက်စ်ဘရွန်း** |
| **နယူးကာဆယ်** | **၁-၂ ဘလက်ဘန်း** |
| **စတုတ်စီးတီး** | **၀-၂ ချယ်လ်ဆီး** |
| **အာဆင်နယ်** | **၁-၂ ဟူးလ်စီးတီး** |

ဝင်းတင်(ကြေးမုံ)



**လီဗာပူးအတွက် ဦးဆောင်ဂိုးကို ဖာနန်ဒိုတောရက်စ်က ဤကဲ့သို့ သွင်းယူပေးခဲ့စဉ်။**

### ● ကယ်လ်ဆမ်မှ

ယှဉ်ပြိုင်ရာ မျိုးအောင်က ပထမအချီ ၁မိနစ်၄၅စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ စောကရင် (မိုးသောက်ကြယ်)နှင့် ခိုင်စကြာ (ရက္ခဗျာလ) တို့ပွဲတွင် အလူးအလဲဖြင့် ပူးတွဲသရေကျသွားသည်။ သားသား (K.L.N)နှင့် ရှုမဝ(ဒေါင်းမြန်မာ)တို့ပွဲမှာ ဘတစ်ပြန်ကျားတစ်ပြန် ရှိခဲ့သည်။ နှစ်ဦးစလုံး ပြိုင်ထိုး၊ ဆိုင်ထိုးကြ၍ အထိနာခဲ့ကြသည်။ ပထမနှစ်ချီတွင် ရှုမဝအသာရခဲ့ပြီး နောက်အချီများတွင် သားသားပြန်အသာရခဲ့သော်လည်း နှစ်ဦးစလုံးအရှုံးအနိုင်ပေါ်အောင် မထိုးနိုင်၍ သရေပွဲဖြင့်သာ အဆုံးသတ်ခဲ့သည်။ သားသားနှင့်ရှုမဝတို့၏ ဇယ်ဆက်သလိုလက်သီးချက်များကြောင့် ပရိသတ်များအကြိုက်တွေ့ခဲ့ကြသည်။

ကျော်ခေါက်(ဒေါင်းမြန်မာ)နှင့် အောင်ဒီပ(အလင်းရောင်)တို့ပွဲတွင် အောင်ဒီပက ပထမအချီ ၁မိနစ် ၅၃စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ အောင်ဒီပမှာ ဇွဲသတ္တိကို အမည်ပြောင်းထား ခြင်းဖြစ်ပြီး ကျော်ခေါက်နှင့် အောင်ဒီပတို့မှာ ယခင်က ပြတ်သားသည့် အဖြေမထွက်သေး၍ စိတ်မကျေပွဲ ပြန်လည်တွေ့ဆုံကြခြင်းဖြစ်သည်။ ပထမအချီအစတွင် နှစ်ဦးစလုံး ပူးပြီး အလစ်အငိုက်တွင် ပင့်ဒူး၊ ပင့်လက်သီးများဖြင့် ရင်ဆိုင်ရန် ကြိုးစားကြသည်။ ၅၆စက္ကန့်တွင် အောင်ဒီပ၏ ပင့်ဒူး ကျော်ခေါက်ရင်ဝကိုထိသွားပြီး ကျော်ခေါက် အနားတောင်းရသည်။ အနားတောင်းပြီး ပြန်အစတွင် ကျော်ခေါက်ပြန်လိုက်ထိုးသော်လည်း အောင်ဒီပက ကျော်ခေါက်အထိနာခဲ့သော နေရာကိုပင် အဓိကထား၍ ပြန်ထိုးခဲ့သည်။၁မိနစ် ၃၅စက္ကန့်တွင် အောင်ဒီပက အလဲထိုးဖြင့် ပွဲသိမ်းအနိုင်ရရှိသွားသည်။

ထစ်ချုံး(မိုးသောက်ကြယ်)နှင့် အောင်ပိုင်လေး(ရက္ခဗျာလ)တို့ပွဲတွင် အောင်ပိုင်လေးက အချီပြည့်ခါနီးတွင် အစွမ်းပြခဲ့သော လက်သီးချက်များဖြင့် အလဲထိုးအနိုင်ရရှိသွားသည်။ အောင်ပိုင်လေးမှာ ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရှင် ထစ်ချုံးကိုအသာစီးမှ မထိုးနိုင်ခဲ့သော်လည်း အချီပြည့်ခါနီးတွင် ထစ်ချုံးကို ကြိုးဝိုင်းထောင့်၌ပိတ်ပြီး တရစပ်လက်သီးပစ်သွင်းသလို ဒူးတိုက်ချက်များဖြင့် ရင်ဆိုင်သည်။ ယင်းသို့ ထောင့်ပိတ်ထိုးပြီး မကြာမီပဥ္စမအချီ ၂မိနစ် ၅၄စက္ကန့်တွင် အောင်ပိုင်လေးက ပွဲသိမ်းလက်သီးပစ်သွင်းကာ အနိုင်ရရှိသွားခြင်းဖြစ်သည်။

ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရှင် ကျော်ဆန်း(မိုးသောက်ကြယ်)နှင့် မိုက်တိုင်ဆန်(အလင်းရောင်)တို့၏ပွဲ၌ တတိယအချီ ၃၉စက္ကန့်တွင် မိုက်တိုင်ဆန်၏ လက်သီးတစ်ချက်၊ ဒူးတိုက်ချက်ထိကာ ကျော်ဆန်း ကြိုးဝိုင်းထောင့်တွင် ဖင်ထိုင်ကျကာ အနားတောင်းရသည်။ မိုက်တိုင်ဆန်၏ ထိုးချက်များကြောင့် ကျော်ဆန်းမှာ နံကြားတွင် ရရှိခဲ့သော ဒဏ်ရာကြောင့် စိတ်ကြိုက်မထိုးနိုင်တော့ဘဲ စတုတ္ထအချီ ၄၅စက္ကန့်တွင် မိုက်တိုင်ဆန်က အလဲထိုးကာ ပွဲသိမ်းအနိုင်ရသွားသည်။

ယနေ့စိန်ခေါ်ပွဲ၏ အဓိကပွဲစဉ်တစ်ခုဖြစ်သော စောပဂရေမှူး(K.L.N)နှင့် ဖိုးကေ(မန္တလေး)တို့၏ ပွဲမှာလည်း အလဲအကွဲများဖြင့် ပရိသတ်လက်ခုပ်သံများအကြား စောပဂရေမှူးက အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ ဝါးရင်းတုတ် ဖိုးကေဟု နာမည်ကြီးနေသည့် တက်သစ်စ လက်ဝှေ့ကျော် ဖိုးကေ ယနေ့ပွဲ ရှုံးသွားရခြင်းမှာ မရှောင်ဘဲဖွင့်ထိုးသောကြောင့် စောပဂရေမှူး၏ လက်သီးချက်များ ဆက်တိုက်ထိကာ ရှုံးသွားရခြင်းဖြစ်သည်။ စောပဂရေမှူးနှင့်ဖိုးကေတို့မှာ ယခင်တွေ့ ဆုံမှု၌ စောပဂရေမှူးသာ ဒဏ်ရာရပြီးရှုံးနိမ့်ခဲ့သောကြောင့် ယခုပြန်လည်တွေ့ဆုံရာတွင် စောပဂရေမှူးက ရှုံးကြွေးဆပ်ရန် ကြိုးစားခဲ့သည်။ နှစ်ဦး စလုံး ပထမအချီစကတည်းက ဟန်ရေးပြမနေဘဲ ဆိုင်ထိုးပြိုင်ထိုးဖြင့် ရင်ဆိုင် ကြသည်။ နှစ်ဦးကွာခြားချက်မှာ ဖိုးကေက ဖွင့်ထိုးပြီး စောပဂရေမှူးက ကာပြီးမှ ထိုးသောကြောင့် ဖိုးကေအထိနာခဲ့ရခြင်းဖြစ်သည်။ ဖိုးကေဖွင့်ထိုးသောကြောင့် စောပဂရေမှူးက စိတ်ကြိုက်ထိုးရာ အမှတ်စဉ် ရေတွက်ခံရသည်အထိ ဖြစ်သွားသည်။

ဒုတိယအချီအစတွင်လည်း ဖိုးကေက ထုံးစံအတိုင်းဖွင့်ပြီး လိုက်ထိုးရာ စောပဂရေမှူး က ဖိုးကေမျက်နှာပေါ်သို့ ထောက်လက်သီး သုံးချက်ဆက်တိုက် ပစ်သွင်းလိုက်သည်။ စောပဂရေမှူးနှင့် ဖိုးကေတို့ ဘတစ်ပြန်ကျားတစ်ပြန်ဖြင့် အသည်းမာမာ ရင်ဆိုင်ကြပြီး ဖိုးကေက တွဲလုံးလက်သီးများဖြင့် ပြန်ထိုးသည်။ ဖိုးကေမှာ ဖွင့်ပြီးအတင်းဝင်ထိုးသောကြောင့် စောပဂရေမှူးက လက်သီးများ အကြိမ်ကြိမ် ပစ်သွင်းရာ ဖိုးကေ အမှတ်စဉ်တစ်ကြိမ်၊ အနားတစ်ကြိမ်တောင်းရသည်။ ဒုတိယအချီ ၂မိနစ် ၅၈စက္ကန့်တွင် စောပဂရေမှူးက ပွဲသိမ်းလက်သီး ပစ်သွင်းကာ အလဲထိုးအနိုင် ယူသွားသည်။ ပရိသတ်များ စိတ်ဝင်စားမှုခံခဲ့ရသော ဖိုးကေမှာ အရှုံးနှင့်ရင်ဆိုင်ခဲ့ရသည်။

တွေ့မရှောင် (K.L.N)နှင့် သူရရဲအောင် (မြန်မာပြည်သား)တို့၏ပွဲမှာ တွေ့မရှောင်က လက်သီးစွမ်း၊ ဒူးစွမ်းပြပြီး အနိုင်ယူသွားသောပွဲပင်ဖြစ်သည်။ တွေ့မရှောင်နှင့် သူရရဲအောင်မှာ သုံးကြိမ်မြောက် တွေ့ဆုံကြခြင်းဖြစ်ပြီး ပြီးခဲ့သည့် နှစ်ကြိမ်တွင် အရှုံးအနိုင်မပေါ်ခဲ့ဘဲ ယခုပွဲကျမှ တွေ့မရှောင်က အနိုင်ဖြင့်စတင်နိုင်ခဲ့ခြင်းဖြစ်သည်။ ပထမအချီတွင် တွေ့မရှောင်က လိုက်ထိုးပြီး သူရရဲအောင်မှာ ရှောင်ရင်းပြန်ခံထိုးသည်။ တွေ့မရှောင်၏ တံတောင်ရိုက်ချက်က သူရရဲအောင်ကို အထိနာစေခဲ့သလို အပူးတွင်တွေ့မရှောင်က လက်သီးများထုတ်သုံးသည်။ ဒုတိယအချီ ၄၃စက္ကန့်တွင် တွေ့မရှောင်က ချုပ်ပြီး ဒူးတိုက်ကာတံတောင်ဖြင့် ရိုက်ရာ သူရရဲအောင်ဘယ်လက်၌ ဒဏ်ရာအနာတရရပြီး အနားတောင်းရသည်။ အနားတောင်းပြီး ပြန်အစတွင်လည်း တွေ့မရှောင်က ပွဲသိမ်းမြန်ရန်အတွက် အတင်းလိုက်ဖိထိုးသည်။ ခြေကန်ချက်၊ ဒူးတိုက်ချက်များ အများဆုံးအသုံး ပြုပြီး လက်သီးကို ရံဖန်ရံခါသုံးသည်။ တွေ့မရှောင်၏ တွဲလုံးလက်သီးကြောင့် သူရရဲအောင် အမှတ်စဉ် ထပ်မံရေတွက်ခံရသည်။

တတိယအချီတွင်လည်း တွေ့မရှောင်ကသာ လက်ရည်အသာရပြီး သူရရဲအောင်ကို ပွဲသိမ်းရန် သတ်လုံးသတ်ပေါက် စုံလင်စွာဖြင့် ရင်ဆိုင်သည်။ ၂မိနစ် ၄စက္ကန့်တွင် တွေ့မရှောင်က ပွဲသိမ်းလက်သီး ပစ်သွင်းကာ အလဲထိုး အနိုင်ရသွားသည်။ ပွဲအပြီးတွင် တွေ့မရှောင်က ပထမနှစ်ကြိမ်တွေ့ဆုံရာတွင် သရေကျခဲ့၍ ယခုပွဲကိုအနိုင်ရအောင် အထူးပြင်ဆင်ခဲ့ပါကြောင်း၊ သူရရဲအောင်၏ ထိုးပုံမှာလည်း ယခင်ပွဲများနှင့် ကွာခြားမှုမရှိကြောင်း၊ ယနေ့ပွဲ ထိုးသတ်ရသည်မှာ မိမိကိုယ်ကို အားရပြီး စိတ်ကြိုက်လည်းထိုးနိုင်ခဲ့ကြောင်း၊ အောက်တိုဘာ ၁၀ရက်တွင် ထားဝယ်၌ စိန်ခေါ်ပွဲ တစ်ပွဲထိုးရန်ရှိပါကြောင်း ပြောကြားသွားသည်။ သြစတြေးယားပြန် ရွှေခါးပတ် ချန်ပီယံ တွေ့မရှောင်မှာ နိုင်ငံတကာရိုးရာ လက်ဝှေ့ စိန်ခေါ်ပွဲအတွက် ပြင်ဆင်နေသူ တစ်ဦးဖြစ်သည်။

Calsome Challenge Fight ဒုတိယနေ့ပွဲစဉ်များကို စက်တင်ဘာ ၂၈ရက် (ယနေ့) မွန်းလွဲ ၂နာရီတွင် ဆက်လက် ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

မြန်မာနိုင်ငံနှင့်အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ



# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

ရန်ကုန် စက်တင်ဘာ ၂၇

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဘားအံမြို့တွင် ၃ဒသမ၃၁ လက်မ၊ မောင်တောမြို့တွင် ၃ဒသမ၂၂လက်မ၊ ပူတာအိုမြို့တွင် ၂ဒသမ ၄၈လက်မ၊ ကော့ကရိတ်မြို့တွင် ၂ဒသမ၁၇လက်မ၊ စစ်တွေမြို့တွင် ၂ဒသမ ၁၂လက်မ၊ ကျောက်တော်မြို့တွင် ၁ဒသမ ၉၃လက်မ၊ ကလေးဝမြို့တွင် ၁ဒသမ ၈၉လက်မ၊ ခန္တီးမြို့တွင် ၁ဒသမ၈၅လက်မနှင့် မော်လမြိုင်မြို့တွင် ၁ဒသမ ၈၁လက်မ တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ယနေ့မြန်မာစံတော်ချိန်၁၂း၃၀ နာရီအချိန်တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီ ပင်လယ်ပြင်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

**စက်တင်ဘာ ၂၈ရက် ညနေထိ ခန့်မှန်းချက်။** ။ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀မှ၄၅မိုင် ထိတိုက်ခတ်နိုင်ပါသည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာ နိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

| | |
|---|---|
| ၃၂ ဒသမ၂ ဒီဂရီစင်တီဂရိတ် (၉၀ ဒီဂရီဖာရင်ဟိုက်) | ၂၆-၉-၂၀၀၈ |

**အနိမ့်ဆုံးအပူချိန်**

| | |
|---|---|
| ၂၀ ဒသမ၆ ဒီဂရီစင်တီဂရိတ် (၆၉ဒီဂရီဖာရင်ဟိုက်) | ၂၇-၉-၂၀၀၈ |
| ၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၉ ရာခိုင်နှုန်း | ၂၇-၉-၂၀၀၈ |
| နေပူသည့်နာရီပေါင်း ၂ဒသမ၂နာရီခန့် | ၂၆-၉-၂၀၀၈ |

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၂၇-၉-၂၀၀၈ | Tr | မရှိပါ | ၆မမ (၀ဒသမ၂၃လက်မ) |
| ၁-၁-၂၀၀၈မှ ယနေ့အထိ | ၂၄၄၈ မမ (၉၆ဒသမ၃၈လက်မ) | ၂၇၅၄မမ (၁၀၈ဒသမ ၄၂လက်မ) | ၃၂၀၀မမ (၁၂၅ဒသမ ၉၈လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၆-၉-၂၀၀၈ရက် ၁၈း၂၀နာရီတွင် တောင်ဘက်မှ တစ်နာရီ လေးမိုင်နှုန်း တိုက်ခတ်သည်။

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် စက်တင်ဘာ ၂၇**

ယနေ့ မြန်မာစံတော်ချိန် နံနက် ၉နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

# နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) အထူးကုသမှုဌာနများ ဖွင့်ပွဲကျင်းပ

# ဒေသခံပြည်သူများအနေဖြင့် နိုင်ငံတကာအဆင့်မီ ဆေးကုသမှုများကို စိတ်ချမ်းမြေ့စွာ ခံယူနိုင်တော့မည်ဖြစ်



နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)အတွင်း အသစ်ထပ်မံဖွင့်လှစ်လိုက်သည့် အထူးကုသမှုဌာနများကို တွေ့ရစဉ်။ (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၂၇**

နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) အထူးကုသမှုဌာနများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်ချီးမြှင့်၍ ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳

**ကြေးမုံ အင်တာနက် နည်းပညာသတင်း**

## ကမ္ဘာ့အမြန်ဆုံး စူပါကွန်ပျူတာ ဆော်ဒီနှင့် အိုင်ဘီအမ် တည်ဆောက်မည်

**ဒူဘိုင်း စက်တင်ဘာ ၂၇**

ဆော်ဒီအာရေဗျနိုင်ငံရှိ သိပ္ပံနှင့်နည်းပညာ တက္ကသိုလ်သည် အမေရိကန် အိုင်ဘီအမ် (IBM)ကုမ္ပဏီနှင့် ပူးပေါင်းကာ ကမ္ဘာ့အမြန်ဆုံး စူပါကွန်ပျူတာတစ်လုံးကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

စွမ်းရည်အလွန်မြင့်မားသည့် ကွန်ပျူတာ စနစ်တစ်ရပ်ကို လေ့လာနိုင်ရန် ပူးတွဲစီမံကိန်း တစ်ရပ်အဖြစ် စူပါကွန်ပျူတာကို တည်ဆောက်မည်ဖြစ်ကြောင်း၊ အဆိုပါ သိပ္ပံနှင့်နည်းပညာ တက္ကသိုလ်က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

အိုင်ဘီအမ်ကုမ္ပဏီသည် စူပါကွန်ပျူတာများ ထုတ်လုပ်မှုတွင် ကမ္ဘာ့ထိပ်တန်းကုမ္ပဏီဖြစ်သည်။ ယင်းကုမ္ပဏီက ၂၀၀၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့သော စူပါကွန်ပျူတာမှာ ဘတ်စကက်ဘော ကစားကွင်း နှစ်ကွင်းစာမျှ အရွယ်အစားရှိသည်။ အဆိုပါ စူပါကွန်ပျူတာသည် တစ်စက္ကန့်လျှင် တွက်ချက်မှုပေါင်း ၁၂ ထရီလီယံအထိ လုပ်ဆောင်နိုင်စွမ်းရှိသည်။ စူပါကွန်ပျူတာတီထွင်ထုတ်လုပ်သည့် အိုင်ဘီအမ်၏ ရည်မှန်းချက်မှာ ဈေးကွက်လီးယားလက်နက်များစမ်းသပ်ရာ၌ ကွန်ပျူတာ **စာမျက်နှာ ၈ ကော်လံ ၃ သို့** ❁

## ကယ်လ်ဆမ် ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲ တွေ့မရှောင်၊ စောပဂရေမျိုးတို့ အလဲထိုးပွဲများဖြင့်နိုင်

**သတင်းနှင့်ဓာတ်ပုံ - စိုးညွန့်(ကြေးမုံ)**



စောပဂရေမှူး (K.L.N)က ဖိုးကေ (မန္တလေး)ကို ဒူးဖြင့် တိုက်နေစဉ်။

**ရန်ကုန် စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာအားကစား အဖွဲ့ချုပ်တို့က ကြီးမှူး၍ Calsome ကွေကာ၊ Myanmar Distribution Group Co., Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် T&T Group မှ တာဝန်ယူ ကျင်းပသော Calsome Challenge Fight-I ကို ယနေ့မွန်းလွဲ ၂နာရီမှစ၍ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ ပွဲစဉ်တိုင်း အကြိတ်အနယ်ဖြင့် ပွဲကောင်းများ ဖြစ်ခဲ့ပြီး စိန်ခေါ်ပွဲ အဓိကပွဲစဉ်များတွင် တွေ့မရှောင်က သူရရဲအောင်ကို လည်းကောင်း၊ စောပဂရေမှူးက ဖိုးကေကို လည်းကောင်း အလဲထိုးများဖြင့် အနိုင်ရရှိသွားကြသည်။

ယနေ့စိန်ခေါ်ပွဲ၏ ပထမပွဲစဉ်အဖြစ် နဂါး(မြန်မာ့သွေးသစ်) နှင့် မျိုးအောင်(ဒေါင်းမြန်မာ)တို့ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ●

**ကြေးမုံ အင်တာနက် ဇီဝသိပ္ပံသတင်း**



ကမ္ဘာ့အသေးငယ်ဆုံး ဒိုင်နိုဆောကို ပန်းချီပညာရှင်က သရုပ်ဖော် ရေးဆွဲထားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ကမ္ဘာ့အသေးငယ်ဆုံး ဒိုင်နိုဆောရုပ်ကြွင်း မြောက်အမေရိကတိုက်၌ ရှာဖွေတွေ့ရှိ

**ရက်ဒ်ဒီးယား စက်တင်ဘာ ၂၆**

ကိုယ်ခန္ဓာအရွယ်အစားအရ အသေးငယ်ဆုံးသော ဒိုင်နိုဆောမျိုးစိတ်တစ်မျိုးကို မြောက်အမေရိကတိုက်တွင် ပထမဆုံးအကြိမ် ရှာဖွေတွေ့ရှိရကြောင်း သုတေသီတစ်ဦးက ယနေ့ ပြောကြားသည်။

ကနေဒါနိုင်ငံ အယ်လ်ဘားတားပြည်နယ်

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ■

**ယနေ့ ကြေးမုံ ပြည်တွင်း၊ ပြည်ပသတင်းများ အညွှန်း**

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆုရသူများ စာမျက်နှာ ၇

တင့်ကား ၃၃ စီး တင်ဆောင်လာသောသင်္ဘော ဆိုမာလီ၌ လုယက်ခံရ စာမျက်နှာ ၅

ပရီမီယာလိဂ် အနိုင်အရှုံး ပွဲစဉ်များ စာမျက်နှာ ၁၁